ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဖြေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

ချမ်းသာခြင်းအကြောင်းတရား

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏။ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက် တနင်္ဂနွေနေ့။ Sunday, 4 October 2026 ၁၂၃၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုဂုဏ်ပြုဗိမာန်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်ရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညီစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရိန့်နှင့် ဦးမျိုးသန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြို့ပြအင်ဂျင်ရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

လယ်ယာစိုက်ပျိုးရေး အတွက် ဉာဏ်ရည်တု နည်းပညာ (သို့မဟုတ်) Smart Agriculture
ဆောင်းပါး စာမျက်နှာ » ၆

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်
စာမျက်နှာ » ၉

အဆို၊ အက၊ အရေး၊ အတီး ပန်တျာခရီး
ဆောင်းပါး စာမျက်နှာ » ၁၁

တောင်ကြီးမြို့၌ အထပ်မြင့် ယာဉ်ရပ်နား စခန်း တည်ဆောက်မည်
စာမျက်နှာ » ၁၄



အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ကို အောင်မြင်စွာ တပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်၏ သံမဏိလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက များစွာအထောက်အကူပြုနိုင်ရေးအတွက် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းပါ အလုပ်ရုံ ၂၂ ရုံအနက် အလုပ်ရုံ ၂၀ ကို အောင်မြင်စွာ တပ်ဆင်စမ်းသပ်လည်ပတ်နိုင်ပြီဖြစ်ကြောင်း

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❐

လေးမျက်နှာမြို့နယ်အတွင်း ရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိ

ပုသိမ် အောက်တိုဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ဟသံ်တခရိုင် လေးမျက်နှာမြို့နယ်ရှိ ၀၀နံတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းပြီး တာဝမံနိုမ့်ကျွဖြစ်ပွားကာ ရေကျော်စီး၀င်ခဲ့သဖြင့် အခြေခံပညာကျောင်းများ ယာယီပိတ်ထားခဲ့ရာ ယခုအခါ ရေပြန်လည်ကျဆင်းသွားပြီဖြစ်သည့်အတွက် ကျောင်းများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုကို

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❁



လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုကို တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးစဉ်။

ယနေ့မိုးလေဝသ ၄-၁၀-၂၀၂၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်	နေရာ ကွက်ကျား မိုးထစ်ချန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	နေရာ ကွက်ကျား မိုးထစ်ချန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	နေရာကွက်ကျား မိုးထစ်ချန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။		မိုး/ဧလ

အများပြည်သူအကျိုးစီးပွားဖျက်ဆီးသည့် အကြမ်းဖက်လုပ်ရပ်ဆန့်ကျင်တိုက်ဖျက်

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့ရာ ယနေ့တိုင် မချုပ်ငြိမ်းသေးသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် နိုင်ငံရေး၊ လူမျိုးရေး၊ ဝါဒရေးတို့ကိုအကြောင်းပြု၍ ပေါ်ပေါက်လာခဲ့သော်လည်း လက်နက်ကိုင်နည်းလမ်းဖြင့် အကြမ်းဖက်လုပ်ငန်းများကိုသာ တစိုက်မတ်မတ်လုပ်ကိုင်ခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ အကြမ်းဖက်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ကြသောကြောင့် နိုင်ငံတော်နှင့်ပြည်သူများသာ ထိခိုက်ဆုံးရှုံးနစ်နာမှု များစွာဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။

လက်ရှိကာလတွင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အနှောင့်အယှက်ဖြစ်စေရန်၊ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်၊ အရပ်သားပြည်သူများ အကြောက်တရားကြီးမားလာစေရန်၊ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာစေရန်နှင့် လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးမှုဖြစ်စေရန် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခဲ့ဖျက်ဆီးခြင်း၊ အများပြည်သူပိုင်အဆောက်အအုံများနှင့် ပြည်သူများနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှောတိုက်ဒုံးများ၊ လက်နက်ကြီးများ၊ ဒရုန်းဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို အဆင်ခြင်မဲ့ရက်စက်စွာ ကျူးလွန်နေကြသည်ကိုတွေ့ရမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများ သေကျေပျက်စီးရပြီး အများပြည်သူတို့ အခက်အခဲမျိုးစုံကြုံတွေ့ကြရသည်။

အကြမ်းဖက်သမားများတွင် NUG နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၊ ၎င်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့များနှင့် လူပုဂ္ဂိုလ်များကလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြောက်တရားဖြစ်ပေါ်ပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးပစ်မှတ်များနှင့် မသက်ဆိုင်သည့်နေရာများ၊ အပြစ်မဲ့အရပ်သားပြည်သူများ၊ ရဟန်းသံဃာတော်များ၊ သစ္စာရှိနိုင်ငံ့ဝန်ထမ်းများနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များသေဆုံး၊ ထိခိုက်ဒဏ်ရာရစေရန် အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးခြင်း၊ အများပြည်သူသွားလာနေသော လမ်းဘေးဝဲ၊ ယာများတွင် မိုင်းထောင်ခြင်း၊ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးနိုင်စက်သတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ နည်းလမ်းမျိုးစုံဖြင့် ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ပြီးခဲ့သည့်ကာလက ဒေသအချို့တွင် အများပြည်သူအသုံးပြုရန်အတွက် တည်ဆောက်ပေးထားသော လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်ကြိုးများ၊ ဓာတ်အားခွဲရုံများကို အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခဲ့ခြင်း၊ ဒရုဝှုံးချတိုက်ခိုက်ခြင်းများကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ပြီး အများပြည်သူတို့၏ လူမှုစီးပွားဘဝများ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။ လျှပ်စစ်ဓာတ်အား အမြဲခံဆုံးပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များနှင့်ပူးပေါင်း၍ လျှပ်စစ်ဝန်ထမ်းများက သက်စွန့်ကြိုးပမ်း ပြန်လည်တည်ဆောက် ပြင်ဆင်ပေးခဲ့ရသည်။ ယခုအခါ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် ထိရောက်စွာဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများက အလစ်အငိုက် ဖျက်ဆီးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးသည် အများပြည်သူအကျိုးစီးပွားအတွက် အရေးပါသည်ကိုသိပါလျက် အကြမ်းဖက်သောင်းကျန်းသူများက လမ်းများ၊ တံတားများ၊ ရထားလမ်းများအား မကြာခဏဖျက်ဆီးနေသည်ကို တွေ့ရသည်။ မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်းသည် မြန်မာနိုင်ငံအထက်ပိုင်းတွင် အရေးပါသည့်လမ်းပိုင်းဖြစ်သော်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရပ်နားထားခဲ့ရသည်။ မန္တလေး-မြစ်ကြီးနားရထားများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရွာထောင်မှဝက်လက် ရထားလမ်းပိုင်းကို ၂၀၂၃ ခုနှစ်တွင် လေးလကြာပြုပြင်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများနှင့် ကြုံခဲ့ရသည်။ ဝက်လက်-ရွှေဘိလမ်းပိုင်းတွင် တံတားပေါင်းစင်း ဖောက်ခွဲဖျက်ဆီးခံရပြီး အဆိုပါလမ်းပိုင်းများတွင် သံလမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများ ဖျက်ဆီးခြင်းခံခဲ့ရသည်။ နိုင်ငံတော်အနေဖြင့် ထိုသို့နှောင့်ယှက်ဖျက်ဆီးမှုကြားမှ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း ရထားခရီးစဉ်များ ပြေးဆွဲနိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသော်လည်း အများပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ခံနှင့် ပြည်သူများအတွက် တည်ဆောက်ပေးထားသော အခြေခံအဆောက်အအုံများကို တစိုက်မတ်မတ်ဖျက်ဆီးလျက်ရှိသည်၌၊ ဆင်ခြင်တုံတရားနည်းပါးပြီး ရက်စက်ယုတ်မာသည့် အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများအား ပြည်သူများက နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ လက်တွဲပြီး ပိုင်းဝန်းဆန့်ကျင်ရှုတ်ချ တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၈/၂၀၂၆
၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်)

ပြည်ထောင်စုဝန်ကြီးများ ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၂ တို့အရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများအား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ပြောင်းလဲတာဝန်ပေးလိုက်သည်–

(၁)	ဦးမောင်မြင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန	အလုပ်သမားဝန်ကြီးဌာန
(၂)	ဦးခင်မောင်စိုး အလုပ်သမားဝန်ကြီးဌာန	ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဇော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၃

ယမန်နေ့ည ၁၁ နာရီ ၂၅ မိနစ် ၃၂ စက္ကန့်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးဝမြို့၏ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၁၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၆ ဒီဂရီ အနက် ၇၇ ကီလိုမီတာကို ဗဟိုပြု၍ပမာဏ ၄ ဒသမ ၄ (M) အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းတွာရရှိသည်။

မိုး/ဧလ

၃ - ၁၀ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ်	– ဝင်းနိုင်	အကြီးတန်း	– ခင်မို့မို့အောင်၊
စာတည်းမှူး	– အေဝမ်းစိုး	သတင်းထောက်များ	ခင်မျိုးနိုင်၊ မာမာစိုး၊
စာတည်းများ	– စန်းအောင်၊ ခင်ခင်သက်၊		ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
	ယုဝါဝါ၊ သီသီမင်း၊	အငယ်တန်း	– အောင်ကျော်ဦး၊ သန်းတင်အောင်
	ဟိန်းထက်လင်း၊ သက်ထွေး၊	သတင်းထောက်များ	ခင်သက်မွန်၊ မြသီတာ
	စန်းယဉ်ဦ၊ နိုင်လင်းကြည်	သုတေသန	– ဇင်မာဝင့်
ဘာသာပြန်	– အောင်ကျော်ကျော်၊	စာပြင်	– ခင်နှင်းယုနှင့်အဖွဲ့
	စိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– နီလာစိုးနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	– စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်ပြည်သူ့ရင်ပြင်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လေဆိပ်အဝင်လမ်းသစ်ပေါ်ရှိ ရုံးပင်ချောင်းတံတားတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖိုးမှ

နေပြည်တော် ပြည်သူ့ရင်ပြင် တည်ဆောက်နေမှု

ဦးစွာ နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် ပြည်သူ့ရင်ပြင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က နေပြည်တော် ပြည်သူ့ရင်ပြင်အား မြို့တော် အင်္ဂါရုပ်နှင့်အညီ ခေတ်မီပြီး မြို့ပြနေ အများပြည်သူများ လည်ပတ်ကြည့်ရှု အပန်းဖြေ အနားယူနိုင်ရန်နှင့် ဘက်စုံ အသုံးပြုနိုင်သည့် Public Area ပြည်သူ့ရင်ပြင် တစ်ခုအဖြစ် လျာထားတည်ဆောက်ဆောင်ရွက် လျက်ရှိမှု၊ ရင်ပြင်ပတ်လည်နေရာ များ၌ အထင်ကရပုဂ္ဂိုလ်များ၏ ရုပ်တုများ၊ စကျင်ကျောက်များဖြင့် ထုဆစ်ပုံဖော်ထားသည့် ရုပ်လုံး ရုပ်ကြွများထည့်သွင်းတည်ဆောက် နိုင်ရေး၊ ပြည်သူများ အပန်းဖြေ လည်ပတ်ကြည့်ရှု အနားယူနိုင်ရန် ပန်းခြံနေရာများ၊ လျှောက်လမ်း များ၊ ဖျော်ဖြေရေးရင်ပြင်နှင့် Shop House များ၊ အခြားလိုအပ် သည့် အဆောက်အအုံများ ထည့်သွင်း တည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်ထားရှိမှု၊ ပြည်သူ့ရင်ပြင်အနီး၌ မြို့ပြအင်္ဂါရုပ် နှင့်လျော်ညီသည့် နာရီစင်ပါ အဆောက်အအုံ တစ်ခု တည်ဆောက်နိုင်ရေး လျာထား ဆောင်ရွက်လျက်ရှိမှု အခြေအနေ များနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နေပြည်တော် ကောင်စီနယ်မြေအား မြို့တော် အင်္ဂါရုပ်နှင့်အညီ ခေတ်မီပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်သော မြို့ပြတစ်ခုအဖြစ် ပေါ်ထွန်းလာ စေရေး ဘက်ပေါင်းစုံမှ စဉ်းစား လျာထား ဆောင်ရွက်သွားကြရန်၊ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်နှင့်အညီ အဆင့်မီမီဖြစ်စေရေး၊ သတ်မှတ် အချိန်ကာလအတွင်း ပြီးစီးနိုင်ရေး စနစ်တကျ ဆောင်ရွက်ကြရန်နှင့် ရေရှည်ခိုင်ခံမှုရှိစေရေး ထိန်းသိမ်း ပြုပြင် ဆောင်ရွက်မှုများကိုလည်း အမြဲမပြတ် ဆောင်ရွက်သွားကြ ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော် – တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

ထို့နောက် နေပြည်တော်ပြည်သူ့ ရင်ပြင်အတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သည့် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးကြသည်။

ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ မီးရထားလမ်း ခုံးကျော်တံတား များနှင့် နေပြည်တော်လေဆိပ် အဝင် လမ်းသစ်ဖောက်လုပ်နေမှု

ယင်းနောက် ရွှေပြည်တော်ဝင် လမ်းပေါ်ရှိ နေပြည်တော် – တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတားနှင့် ရန်ကုန်– မန္တလေး မီးရထားလမ်း ခုံးကျော် တံတား တည်ဆောက်ရေး လုပ်ငန်းခွင်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ရှင်းလင်း ဆောင်၌ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူတစ်ဦးက တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက် ခြင်းလုပ်ငန်းများအား နောင် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင် မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ်အရေအတိုးတက် လာနိုင်မှုများအပေါ် ထည့်သွင်း တွက်ချက်၍ လမ်းနှင့်တံတားများ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်နိုင်ရေး အတွက် Master Plan ရေးဆွဲ ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ယခု တည်ဆောက်လျက်ရှိသည့် ခုံးကျော်တံတားများ ငလျင်ဒဏ် ခံနိုင်ရေး၊ ကြံ့ခိုင်ကောင်းမွန်မှု ရှိစေရေးနှင့် သတ်မှတ်ကာလ အတွင်း အရည်အသွေးကောင်းမွန် စွာဖြင့် တည်ဆောက်ပြီးစီးနိုင်ရေး တာဝန်ရှိသူများအနေဖြင့် စနစ် တကျ ကြပ်မတ်ဆောင်ရွက်သွား ကြရန်လိုကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ နေပြည် တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေ ရေး၊ မြို့ပြအင်္ဂါရုပ်နှင့် လျော်ညီမှု ရှိစေရေး ဆက်လက်အဆင့် မြှင့်တင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြားပြီး လုပ်ငန်းခွင်များအတွင်း လုပ်လည်ပတ် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေပြည်တော်ဝင် လမ်းတစ်လျှောက် သန့်ရှင်း သာယာလှပရေး လုပ်ငန်းများနှင့် လမ်းဘေးဝဲ/ယာတစ်လျှောက်၌ အရိပ်ရလေကာပင်များ စိုက်ပျိုး ထားရှိမှုနှင့် လမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုများကို မော်တော်ယာဉ် များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက်နေပြည်တော်လေဆိပ် အဝင် လမ်းသစ်ဖောက်လုပ်နေမှု နှင့် အဆိုပါလမ်းသစ်ပေါ်ရှိ ဝက္ကမူ တံတားနှင့် ရုံးပင်ချောင်းတံတား တည်ဆောက်နေမှု အခြေအနေ များကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လမ်းသစ် ဖောက်လုပ်နေမှုနှင့် တံတား တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လေဆိပ် အဝင်လမ်းသစ်နှင့် တံတားများ အား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် တည်ဆောက်နိုင်ရေးနှင့် ရုံးပင် ချောင်းတစ်လျှောက် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက် သွားရန်လိုကြောင်း၊ လမ်းဘေး ဝဲ/ယာတစ်လျှောက်တွင် အရိပ်ရ လေကာပင်များနှင့် အမြစ်မိ သစ်ပင်များ စိုက်ပျိုးသွားရန် လိုကြောင်းနှင့် အခြားလိုအပ် သည်များကို လမ်းညွှန်မှာကြား သည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်မုခ်ဦး တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

နေပြည်တော်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေမှုလုပ်ငန်းခွင်

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရာသေဂံဟလမ်းမကြီးပေါ်ရှိ နေပြည်တော်မုခ်ဦး (Naypyitaw Gate) တည်ဆောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မုခ်ဦးတည်ဆောက်ရေး လုပ်ငန်းများနှင့် မုခ်ဦးအား မြန်မာ့ယဉ်ကျေးမှုလက်ရာများနှင့်အညီ အဆင့်မီမီ တည်ဆောက်နိုင်စေရေးလျာထားဒီဇိုင်းများရေးဆွဲထားရှိမှု၊ မြေယာရှုခင်းလုပ်ငန်းများနှင့် အခြားဆက်စပ်လုပ်ငန်းများကို စနစ်တကျဖြင့် အဆင့်အလိုက် ပြီးစီးမှုရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက နိုင်ငံ၏ မြို့တော်သို့ ဝင်ရောက်ရာ အထင်ကရ အမှတ်အသားနေရာဖြစ်သည့်အတွက် မြို့ပြဂုဏ်သိက္ခာနှင့်လျော်ညီစွာ ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန် လိုကြောင်း၊ မုခ်ဦးအဆောက်အအုံအား မြန်မာ့လက်ရာများဖြင့် ခမ်းခမ်းနားနား စနစ်တကျ တည်ဆောက်သွားရန် လိုသကဲ့သို့ ခိုင်ခိုင်မာမာဖြင့် ငလျင်ဒဏ်ခံနိုင်စေရေး အတွက်လည်း သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် တည်ဆောက်သွားရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကြောင့် ယာဉ်များသွားလာမှု မပျက်စေရေး အတွက်လည်း ရှောင်ကွင်းလမ်း (By Pass)များကို စနစ်တကျ ဖောက်လုပ်ပေးသွားရန် လိုကြောင်းနှင့် လမ်းများကို ထောင့်ချိုး အနည်းဆုံးဖြင့် တည်ဆောက်သွားရန်လိုကြောင်း၊ မြေယာရှုခင်းများကိုလည်း အဆင့်မီမီနှင့် ခေတ်နှင့်လျော်ညီသည့် ပုံစံဖြစ်စေရေး၊ ပြည်သူအများစိတ်အေးချမ်းသာစွာဖြင့် လမ်းလျှောက်ခြင်း၊ အနာယူခြင်းများ ဆောင်ရွက်နိုင်ရေး စနစ်တကျ ထည့်သွင်းတည်ဆောက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နေပြည်တော်မုခ်ဦးပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်

ထို့နောက်ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ပြည်ထောင်စုဂုဏ်ပြုဗိမာန် အဆိုပြု 3D ပုံစံများနှင့် မြေယာရှုခင်း လုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုဂုဏ်ပြုဗိမာန်ကို ပြည်ထောင်စုနိုင်ငံတော်ကြီးအား တည်ဆောက်ခဲ့ကြသူများနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး အတွက် ပိုင်းဝန်း ကြိုးပမ်းခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအား ဂုဏ်ပြုနိုင်ရန်အတွက် ရည်ညွှန်း တည်ဆောက်စေခြင်း ဖြစ်သဖြင့် ခမ်းခမ်းနားနားနှင့် အဆင့်မီမီဖြစ်ရန် လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် ပြည်ပနိုင်ငံများမှ လာရောက် ဂုဏ်ပြုကြသူများ အနေဖြင့် အဆင့်မီမီနှင့် စနစ်တကျ လာရောက်ဂုဏ်ပြုနိုင်ရေးအတွက်လည်း လျာထားဆောက်လုပ်သွားရန်လိုကြောင်း၊ ပန်းစည်းချဂုဏ်ပြုမည့်နေရာများအတွက်လည်း စနစ်တကျစီမံထည့်သွင်းသွားရန် လိုကြောင်း၊ ဗိမာန်နှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရာ၌ မြန်မာမှုယဉ်ကျေးမှုနှင့် ခေတ်သစ်ဗိသုကာ အနုပညာလက်ရာတို့ကို အချိုးညီ ထည့်သွင်းပေါင်းစပ် တည်ဆောက်သွားရန်လိုကြောင်း၊ ဗိမာန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပမှုရှိစေရေး အမြဲစိမ်းသစ်ပင်များနှင့် ပန်းမန်များကို စနစ်တကျ ထည့်သွင်း စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဂုဏ်ပြုဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❁ လေးမျက်နှာမြို့နယ်မှ

သင်ကြားနေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးသည်။

ပေးအပ်

ကြည့်ရှုစဉ် ရေပြန်လည်ကျဆင်းပြီဖြစ်သဖြင့် စာသင်ကျောင်းများပြန်လည်ဖွင့်လှစ်၍ကျောင်းသားကျောင်းသူများ ပုံမှန်အတိုင်းပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း၊ ရေကျော်စီးဝင်ပြီး စာသင်ကျောင်းများ ယာယီပိတ်ထားခဲ့ရသောကြောင့် ကျောင်းသားကျောင်းသူများ၏ သင်ခန်းစာများ နောက်ကျမှုမရှိစေရေးနှင့် ပြန်လည်အစားထိုးသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း အားပေးပြောကြားပြီး ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့ပြင် အိုင်ဒယပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ စခန်းသွင်း သင်ကြားပေးနေသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် နေ့လယ်စာ ချက်ပြုတ်ပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တွေ့ဆုံဆွေးနွေးကာ အိုင်သပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွက် ရေသန့်စက်၊ ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်သည်။

ယမန်နေ့ကလည်း ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာတွင် ကျင်းပခဲ့သည့် ရေလွှမ်းဒေသရှိ မိုးစပါးပြန်လည်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ၊ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အုတ်ပုံရိုးရေထွက်မြောင်း တိုးချဲ့ဆောင်ရွက်နေမှု၊ ရေပြန်လည်ကျဆင်းသဖြင့် ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုနှင့် ရွှေဘိုရပ်ကွက် ဘုရားကြီးကျောင်းတိုက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ငါးသိုင်းချောင်းမြို့ ကြဝိုက္ကင်းကျေးရွာတွင် စပါးပြန်လည်စိုက်ပျိုးမည့် လယ်မြေများ၌ စက်မှုလယ်ယာဦးစီးဌာနက ထွန်ယက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော စပါးစိုက်တောင်သူများအတွက် စပါးမျိုးစေ့များနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ လေးမျက်နှာမြို့အတွင်း ရေများမကျန်ရှိစေရေးအတွက် မြို့ပတ်တာတွင် ရေမြောင်းတူးဖော်၍ ရေဖောက်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လေးမျက်နှာမြို့ အမှတ်(၄)ရပ်ကွက် အောင်မင်္ဂလာဈေး ရောင်းဝယ်ဖောက်ကားနေမှု၊ လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ဖွင့်လှစ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

■

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union-MPU) ဒုတိယဥက္ကဋ္ဌ ဦးခင်ရီ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၃





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union– MPU) ဒုတိယဥက္ကဋ္ဌဦးခင်ရီသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး နေရတ်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့(Myanmar Parliamentary Union– MPU) ဒုတိယဥက္ကဋ္ဌအနေဖြင့် လွှတ်တော်ချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကဏ္ဍအသီးသီးကို သီခြားစီ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လွှတ်တော်များပင် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီသက်တမ်းနှစ်ယောသည့်အတွက် လွှတ်တော်၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရေးအတွက် ထိန်းသိမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးမဏ္ဍိုင် စနစ်တကျနိုင်မာအားကောင်းစေရန်နှင့် လွှတ်တော်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လွှတ်တော်များအချင်းချင်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူ့လွှတ်တော်တွင် လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားစေရေး အတွက် လွှတ်တော်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာစီမံကိန်း (၅)နှစ်စီမံချက် ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ ယင်းစီမံချက်ပါ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကိုလည်း အဆင့်အလိုက် စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့လည်း မျှဝေပေးလိုပါကြောင်း၊ မိမိတို့ လွှတ်တော်တွင် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်သဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များ၏ လွှတ်တော်ကဏ္ဍ လိုအပ်ချက်များကိုလည်း အားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် အမြဲမျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မဲဆန္ဒရှင် ပြည်သူများနှင့် နိုင်ငံတော် အကျိုးအတွက် တက်တက်ကြွကြွ ဆောင်ရွက်ကြစေလို ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ လွဲမှားမှု မရှိစေလိုပါကြောင်း၊ လွှတ်တော် ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ် အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့် အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့်ဥပဒေပြု မဏ္ဍိုင် ဖြစ်ပါကြောင်း။

ဥပဒေပြုရေး လုပ်ငန်းသည် လွှတ်တော်၏ အဓိကလုပ်ငန်း တာဝန်ဖြစ်ပြီး လွှတ်တော်သည် နိုင်ငံသူနိုင်ငံသားများအား ဥပဒေ အကာအကွယ်အောက်တွင် လုံခြုံ အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းပေးရန် စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း၊ လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေကို လေ့လာသုံးသပ်ပြီး ခေတ်နှင့် လျော်ညီသည့် ဥပဒေများပြဋ္ဌာန်း ပေးရန်လိုအပ်ပါကြောင်း၊ မိမိတို့ လွှတ်တော်အနေဖြင့် ပြည်သူများက ယုံကြည်အားကိုးအားထား ပြုသည့် လွှတ်တော်တစ်ရပ် ဖြစ်အောင် ဆောင်ရွက်ကြစေလို ပါကြောင်း၊ လွှတ်တော်ကိုယ်စား လှယ်များအနေဖြင့် ပြည်သူအသံ ဖော်ဆောင်သည့် အနေဖြင့် လွှတ်တော်သို့ မေးခွန်းများ၊ အဆိုများ တင်သွင်းသည့်အခါတွင် စာအရေးအသား၊ စကားရပ် အသုံးအနှုန်းများနှင့် ပတ်သက်၍ နိုင်ငံတော်မှ တရားဝင်ဖော်ပြသည့် အသုံးအနှုန်းများဖြင့်သာ သတိပြု ရေးသားပြောဆို ဆွေးနွေးကြ ရမည်ဖြစ်ပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ မဲဆန္ဒနယ်မြေ အကြောင်းနှင့် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒကို အသေးစိတ်သိရှိရန် လိုအပ်ပါ ကြောင်း၊ သို့မှသာ ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ အကောင်အထည်ဖော် ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု လိုအပ်ချက်များကို အမှန်တကယ် ဖော်ဆောင်ပေး နိုင်မည်ဖြစ်ပါကြောင်း၊ "ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လွှတ်တော်မှ ဆောင်ရွက်နေသည့် ဆောင်ရွက် ချက်များကို တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ဆိုရှယ်မီဒီယာနှင့် သတင်းမီဒီယာ ကဏ္ဍများကို အသုံးပြု၍ ပြည်သူများ သိရှိလာနိုင်စေရန် ဆောင်ရွက်ကြစေလိုပါ ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် စီးပွားရေးအချက် အချာကျသည့် တိုင်းဒေသကြီး ဖြစ်သည့်အလျောက် တရားဥပဒေ စိုးမိုးရေး၊ ပြည်သူများစိတ်ချမ်း သာစွာသွားလာနိုင်ရေး၊ ရေစီး ရေလာ ကောင်းမွန်ရေးတို့ကို လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူ့အသံကို နားစွင့်၍ ဆောင်ရွက်ပေးသွားကြရန် လိုအပ် ပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌဦးဌေးအောင်က ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၏ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်ဆိုင်ရာလုပ်ငန်း အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် ကော်မတီ အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၆ ခုနှစ် အောက်တိုဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင် မုတ်သုံလေသည် အောက်တိုဘာ ၁ ရက်မှ ၅ ရက် အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း အသီးသီး ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် အားအနည်းငယ်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်ပါသည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၈ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၆၉ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၆၉ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်း အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၉ ရာခိုင်နှုန်းမှ ၈၈ ရာခိုင်နှုန်းအတွင်းနှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ၈၉ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

ပင်ငွေ့ရေငွေ့ဖုံးနှုန်းအခြေအနေ

တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် တို့တွင် ၁၈ မိုလီမီတာမှ ၂၈ မိုလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ၂၉ မိုလီမီတာမှ ၃၉ မိုလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၄၀ မိုလီမီတာမှ ၅၀ မိုလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

မြေဆီလွှာအောင်းရေအခြေအနေ

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ခြောက်သွေ့အခြေအနေ ရှမ်းပြည်နယ် အရှေ့ပိုင်း စိုစွတ်အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် ပြည့်ဝအခြေအနေ အသီးသီးရှိနိုင်ပါသည်။

မိုး/၈၊

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

လယ်ယာစိုက်ပျိုးရေးအတွက် ဉာဏ်ရည်တုနည်းပညာ (သို့မဟုတ်) Smart Agriculture

မောင်မျိုးခိုင်(ကွန်ပျူတာတက္ကသိုလ်)

လယ်ကွင်းပြင်ကျယ်ကြီးထဲတွင် လယ်သမားကြီးတစ်ဦးက ကောင်းကင်ယံကို မော့ကြည့်နေသည်။ မိုးရွာမည့်အလားအလာ၊ လေတိုက်နှုန်းနှင့် ရာသီဥတု အပြောင်းအလဲတို့ကို မိမိ၏ နှစ်ပေါင်းများစွာအတွေ့အကြုံဖြင့် ခန့်မှန်းနေခြင်းဖြစ်သည်။ သို့သော် ယနေ့ခေတ်တွင် ထိုလယ်သမားကြီး၏ ဘေးနား၌ မမြင်ရသော မျက်စိတစ်စုံနှင့် မောပန်းခြင်းမရှိသော ဦးနှောက်တစ်ခု ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ယင်းကတော့ အခြားမဟုတ်၊ ကျွန်ုပ်တို့ ကြားဖူးနားဝရှိနေသည့် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence – AI) ပင် ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးဆိုသည်မှာ ပင်ပန်းရုံမျှ ဖြင့်မပြီးဘဲ "ကံ" အပေါ်ပုံချရသည့် လုပ်ငန်းတစ်ခု ဟု အစဉ်အလာအရ သတ်မှတ်ခဲ့ကြပါသည်။ မိုးခေါင်လေမလား၊ ရေကြီးလေမလား၊ ပိုးကျလေမလားဆိုသည့် စိုးရိမ်စိတ်များဖြင့် ရင်တထိတ်ထိတ် စိုက်ပျိုးခဲ့ကြရသည်။ သို့သော် AI နည်းပညာသည် တောင်သူလယ်သမားတို့၏ စိုးရိမ်စိတ်များကို လျှော့ချပေးပြီး လယ်ယာကဏ္ဍကို ပိုမိုတိကျစိတ်ချရသော အချက်အလက်နှင့် နည်းပညာအခြေပြု တိကျလယ်ယာစိုက်ပျိုးရေးစနစ်ဆီသို့ ခေါ်ဆောင်သွားနေပြီ ဖြစ်ပါသည်။

သို့ဖြစ်ရာ စတင်စိုက်ပျိုးချိန်မှသည် ဈေးကွက်သို့ တင်ပို့ရောင်းချချိန်အထိ တန်ဖိုးကွင်းဆက်အဆင့်ဆင့်တွင် AI နည်းပညာအား အသုံးချနိုင်မည့် နည်းလမ်းများနှင့် Smart Agriculture စနစ်ကို မည်သို့တည်ဆောက်နိုင်ကြောင်း တင်ပြသွားမည် ဖြစ်ပါသည်။

စိုက်ပျိုးခြင်းမပြုမီ အကြိုပြင်ဆင်ခြင်း

အောင်မြင်သော စိုက်ပျိုးရေးလုပ်ငန်းတစ်ခုသည် ကောင်းမွန်သော မြေဆီလွှာအခြေအနေကို မှန်ကန်စွာ ခွဲခြမ်းစိတ်ဖြာခြင်းမှ စတင်ပါသည်။ ယခင်က မြေကြီးကို လက်ဖြင့်ဆုပ်ကိုင်ကြည့်ရုံ (သို့မဟုတ်) ဓာတ်ခွဲခန်းပို့ပြီး ရက်ပေါင်းများစွာ စောင့်ဆိုင်းရသည့် စနစ်အစား ယခုအခါ AI အခြေပြု စမတ်အာရုံခံကိရိယာများကို အသုံးပြုနိုင်ပါသည်။

ထိုကိရိယာများက မြေဆီလွှာအတွင်းရှိ နိုက်ထရိုဂျင်၊ ဖော့စ်ဖရပ်နှင့် ပိုတက်ဆီယမ် ပမာဏ၊ အစိုဓာတ်နှင့် အချဉ်ငန်ဓာတ်တို့ကို စက္ကန့်ပိုင်းအတွင်း တိုင်းတာပေးနိုင်သည်။ ထို့ပြင် ကြိုတင်ခန့်မှန်းတွက်ချက်မှုစနစ်များက အတိတ်ကာလမှ နှစ်အလိုက်၊ လအလိုက်၊ ရက်အလိုက် ဖြစ်ပေါ်ခဲ့သည့် မိုးလေဝသအချက်အလက်များနှင့် ပေါင်းစပ်ကာ **"မည်သည့်နေ့၊ မည်သည့်ရက်တွင် စတင်စိုက်ပျိုးသင့်သည်"** ဆိုသည့် တိကျသောအချိန်ဇယားကို လမ်းညွှန်ပေးနိုင်သဖြင့် တောင်သူလယ်သမားများ အနေဖြင့် ရာသီဥတုလွဲချော်မှုကြောင့် ပျက်စီးရသည့် ကုန်ကျစရိတ်များကို ကနဦးကတည်းက လျှော့ချနိုင်မည် ဖြစ်ပါသည်။

ထိရောက်သော ရေပေးဝေမှု

ခေတ်သစ်စိုက်ပျိုးရေးတွင် ရေသွင်းခြင်းသည် စိုက်ခင်းတစ်ခုလုံးကို သိမ်းကျုံးရေလွှတ်ရုံမျှဖြင့် မလုံလောက်တော့ဘဲ ပိုမိုတိကျသော စီမံခန့်ခွဲမှုများ လိုအပ်လာပါသည်။ AI မောင်းနှင်သော စမတ်ရေပေးဝေမှုစနစ်သည် မြေအောက်အာရုံခံကိရိယာများနှင့် ဂြိုဟ်တုပုံရိပ်များကိုအသုံးပြု၍ စိုက်ခင်းအတွင်းရှိ မြေဆီလွှာနှင့် အပင်များ၏ "ရေလိုအပ်မှုအခြေအနေ" ကို နေရာအစိတ်အပိုင်းအလိုက် ခွဲခြားကာ တိုင်းတာပေးနိုင်ပါသည်။

ဤစနစ်သည် စိုက်ခင်းတစ်ခုလုံးအား ရေပေးဝေမည့်အစား ရေလိုအပ်နေသော သီးနှံပင်များရှိသည့် ဧရိယာကိုသာ ရှာဖွေပြီး ၎င်းနေရာအတွက် လိုအပ်မည့် ရေပမာဏကိုသာ တိကျစွာတွက်ချက်ပေးပို့ခြင်းဖြစ်ပါသည်။ ရေဓာတ်ပြည့်ဝနေပြီး ရေမလိုသော နေရာများကိုမူ ရေပေးဝေမှုဖြတ်တောက်ထားမည်ဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ရေအရင်းအမြစ် အလေအလွင့်ဖြစ်မှုကို လျှော့ချနိုင်ပြီး အပင်၏အမြစ်များဆီသို့ လိုအပ်သောရေပမာဏကိုသာ တိတိကျကျပေးဝေနိုင်သဖြင့် အကန့်အသတ်ရှိသော ရေချိုရင်းမြစ်ကို အကောင်းဆုံးထိန်းသိမ်းရာ ရောက်စေပါသည်။

စိုက်ခင်းပြုစုပျိုးထောင်ခြင်းနှင့် အပင်စောင့်ကြည့်ခြင်း

အပင်များ ကြီးထွားလာချိန်တွင် အဓိက ရင်ဆိုင်ရသည့် စိန်ခေါ်မှုမှာ ပိုးမွှားနှင့် ရောဂါကျရောက်ခြင်း ဖြစ်ပါသည်။ သမားရိုးကျစနစ်တွင် ပိုးသတ်ဆေးများကို တစ်ကွင်းလုံးအနှံ့ ပက်ဖျန်းလေ့ရှိရာ ကုန်ကျစရိတ်များပြားပြီး စားသုံးသူအတွက်ပါ အန္တရာယ်ရှိစေနိုင်ပါသည်။

ဉာဏ်ရည်တုနည်းပညာခေတ်တွင် ဒရုန်းများမှရရှိသော ပုံရိပ်များကို ကွန်ပျူတာပုံရိပ်ဖတ်စနစ်နည်းပညာဖြင့် အပင်နှင့်အရွက်များပေါ်မှ အစက်အပြောက်လေးများကို မြင်ရုံမျှဖြင့် မည်သည့်ပိုးမွှား သို့မဟုတ် ရောဂါကျရောက်နေသည်ကို လူထက်ဦးအောင် သိရှိနိုင်ပါသည်။ တောင်သူများအနေဖြင့် ကွင်းလုံးကျွတ်ဆေးဖျန်းစရာမလိုဘဲ ရောဂါရှိသည့် အပင်အစုအဖွဲ့လေးကိုသာ တိတိကျကျ ဆေးဖျန်းနိုင်သောစနစ်ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ဓာတုပစ္စည်းအသုံးချမှုကို လျှော့ချကာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်ပါသည်။

အချိန်ကိုက် ရိတ်သိမ်းခြင်းနှင့် အလိုအလျောက် ခွေလှေ့ခြင်း

သီးနှံများကို ရိတ်သိမ်းရာတွင် လိုအပ်ချိန်ထက်စောလွန်းပါက အောင်မြင်မှုမရှိဘဲ နောက်ကျသွားပါကလည်း အလေအလွင့်များတတ်သဖြင့် အချိန်အခါမှန်ကန်မှုသည် အလွန်အရေးကြီးပါသည်။ AI သည် ကင်မရာများနှင့် အာရုံခံကိရိယာများမှတစ်ဆင့် သီးနှံများ၏ ရင့်မှည့်မှုအရောင်နှင့် အစိုဓာတ်ကို တိကျစွာ တိုင်းတာပေးနိုင်ပါသည်။

ထို့အပြင် စိုက်ခင်းများတွင် ခေတ်မီ ရိတ်သိမ်းခွေလှေ့စက်ကြီးများ၌ AI စနစ်များကို တွဲဖက်အသုံးပြုပါက အပင်၏ သိပ်သည်းဆအလိုက် စက်အရှိန်နှင့် လှည့်ပတ်မှုနှုန်းကို AI က အလိုအလျောက် ချိန်ညှိပေးခြင်းကြောင့် သီးနှံများ ကွဲကြေခြင်းနှင့် လေလွင့်ကျန်ရစ်ခြင်း စသည့် ရိတ်သိမ်းခွေလှေ့မှု အလေအလွင့်ကို အနည်းဆုံးအဆင့်သို့ လျှော့ချနိုင်မည် ဖြစ်ပါသည်။

သိုလှောင်မှုစနစ်နှင့် အရည်အသွေးထိန်းချုပ်ခြင်းအဆင့်

ရိတ်သိမ်းပြီးသီးနှံများကို သိုလှောင်ရုံဂိုဒေါင်များတွင် သိမ်းဆည်းရာ၌ အစိုပြန်ခြင်း၊ မှိုစွဲခြင်းနှင့် ပိုးထိုးခြင်းတို့ကြောင့် နှစ်စဉ်ဆုံးရှုံးရမှုတန်ဖိုးမှာ မြင့်မားလှသည်။ AI နှင့် အင်တာနက်ချိတ်ဆက်ထားသော အာရုံခံကိရိယာများသည် သိုလှောင်ရုံအတွင်းရှိ အပူချိန်၊ စိုထိုင်းဆနှင့် လေဝင်လေထွက်ကို ၂၄ နာရီ ပတ်လုံး စောင့်ကြည့်တွက်ချက်ပေးနိုင်ပါသည်။

AI algorithms များက **"မည်သည့် အပိုင်းတွင် အစိုဓာတ်လွန်ကဲပြီး မှိုတက်နိုင်ခြေရှိနေပြီ"** ဟူသော ကြိုတင်အချက်ပေးချက်ကို ထုတ်ပြန်ပေးနိုင်ပါသည်။ တောင်သူများနှင့် ကုန်သည်များအနေဖြင့် ဤစနစ်ကိုကျင့်သုံးခြင်းအားဖြင့် သီးနှံများ ပျက်စီးခြင်းမှကာကွယ်နိုင်ပြီး နိုင်ငံတကာဈေးကွက်မှ တောင်းဆိုသော တန်းမြင့်အရည်အသွေးကို ရေရှည်ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။

ဈေးကွက်ကြိုတင်ခန့်မှန်းခြင်းနှင့် ထိရောက်စွာ တင်ပို့ရောင်းချခြင်း

စိုက်ပျိုးရေးလုပ်ငန်း၏ နောက်ဆုံးနှင့် အရေးကြီးဆုံးအဆင့်မှာ ရောင်းချခြင်းဖြစ်ပါသည်။ တောင်သူအများစုသည် သီးနှံပေါ်ချိန်၌ ဈေးကွက်ပေါက်ဈေးနှင့် ဝယ်လိုအားကို ကြိုတင်မသိရှိနိုင်သဖြင့် ပွဲစားများ၏ ဈေးနှိမ်ခြင်းကို ခံရလေ့ရှိပါသည်။ AI ၏ Machine Learning စနစ်များသည် ကမ္ဘာ့ဈေးကွက် အလားအလာ၊ သီးနှံထွက်နှုန်း အချက်အလက်များနှင့် လာမည့် ရာသီဥတုအခြေအနေများကို ပေါင်းစပ်တွက်ချက်ကာ အနာဂတ်သီးနှံဈေးနှုန်းကို ကြိုတင်ခန့်မှန်းပေးနိုင်ပါသည်။

ဥပမာအားဖြင့် ပဲစင်းငုံ သို့မဟုတ် နှမ်းစိုက် တောင်သူများအနေဖြင့် AI အခြေပြုစိုက်ပျိုးရေး အက်ပလီကေးရှင်းများမှတစ်ဆင့် "လက်ရှိပြည်တွင်း၊ ပြည်ပဈေးကွက်၏ ဝယ်လိုအားအရ မည်သည့်အချိန်တွင် ရောင်းချပါက အမြတ်အစွန်း အများဆုံးရနိုင်မလဲ" ဆိုသည့် Market Intelligence လမ်းညွှန်ချက်များကို ရယူနိုင်ပါသည်။

Smart Agriculture အတွက် ကျော်လွှားရမည့် အခက်အခဲများ

ဉာဏ်ရည်တုနည်းပညာ (AI) နှင့် Smart Agriculture စနစ်သည် နည်းပညာပိုင်းအရ အလွန်ကောင်းမွန်သော ရလဒ်များကို ပေးစွမ်းနိုင်သော်လည်း မြေပြင်တွင် လက်တွေ့အ ကောင်အထည်ဖော်ရာ၌ အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ပါသည်။

ပထမဆုံးအခက်အခဲအနေဖြင့် ဒေတာ (Data) လိုအပ်ချက်ပင် ဖြစ်ပါသည်။ AI စနစ်တစ်ခုသည် တိကျပြည့်စုံသော အရည်အသွေးမြင့် အချက်အလက်များရှိမှသာ ကောင်းစွာအလုပ်လုပ်နိုင်ပြီး မှန်ကန်သော ရလဒ်များကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်ပါသည်။ ဒေသတစ်ခုချင်းစီအလိုက် ပထဝီဝင်အနေအထားအရ ကွဲပြားခြားနားလှသော ရေ၊ မြေ၊ တောတောင်သဘာဝ၊ ခုနှစ်သက္ကရာဇ်အလိုက် ရာသီဥတုဖြစ်စဉ်များနှင့် ဒေသမျိုးရင်းသီးနှံများ၊ ကျရောက်လေ့ရှိသည့် အပင်ရောဂါများ စသည့် တိကျသော ကိုယ်ပိုင်အချက်အလက် များစွာလိုအပ်ပါသည်။ သို့ရာတွင် နိုင်ငံအများစုအဖို့ ထိုကဲ့သို့သော အခြေခံဒီဂျစ်တယ်အချက်အလက်များ စနစ်တကျ စုဆောင်းထားရှိနိုင်မှု အားနည်းနေဆဲဖြစ်ပါသည်။

ဒုတိယအခက်အခဲမှာ နည်းပညာလက်လှမ်းမီမှု ဖြစ်ပါသည်။ စမတ်အာရုံခံကိရိယာများ၊ စိုက်ပျိုးရေးသုံး ဒရုန်းများနှင့် AI မောင်းနှင်သော စက်ယန္တရားများသည် ကနဦးရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်မြင့်မားသဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးနေသော သမားရိုးကျ တောင်သူများအတွက် လက်လှမ်းမီရန် ခက်ခဲနိုင်ပါသည်။

လက်တွေ့ကျသော ဖြေရှင်းရန်နည်းလမ်းများ

မိမိတို့နိုင်ငံအလိုက် ဒေသအလိုက် သဘာဝပတ်ဝန်းကျင်၊ မြေဆီလွှာအမျိုးအစား၊ မိုးလေဝသနှင့် ဒေသမျိုးရင်းသီးနှံများ၏ ဖြစ်ထွန်းမှု အချက်အလက်များကို ဒီဂျစ်တယ်စနစ်ဖြင့် စနစ်တကျ စတင်စုဆောင်းထားသော အများပြည်သူသုံး အမျိုးသားအဆင့် စံပြုအချက်အလက်များ (National Standard Datasets) ပြုစုထားရန် လိုအပ်ပါသည်။

ကုန်ကျစရိတ်မြင့်မားလှသော နည်းပညာပစ္စည်းများကို တစ်ဦးချင်းမဝယ်ယူနိုင်သည့်အခါ ကျေးရွာအလိုက်၊ ဒေသအလိုက် အစုအဖွဲ့များ စနစ်တကျဖွဲ့စည်းကာ စမတ်ကိရိယာများနှင့် စက်ယန္တရားများကို စုပေါင်းဝယ်ယူပြီး မျှဝေအသုံးပြုသည့်စနစ်ဖြင့် ဖြေရှင်းနိုင်ပါသည်။

တောင်သူများ လက်ဝယ်ရှိ ရိုးရှင်းသော စမတ်ဖုန်းများဖြင့် အလွယ်တကူသုံးစွဲနိုင်သည့် စိုက်ပျိုးရေးအက်ပလီကေးရှင်း(Mobile Apps) များကို ဖန်တီးပေးရန် ဖြစ်ပါသည်။ စိုက်ခင်း၊ အပင်၊ အရွက်တို့အား ဖုန်းကင်မရာဖြင့် ဓာတ်ပုံရိုက်ရုံမျှဖြင့် ကျရောက်နေသော ပိုးမွှားရောဂါနှင့် ကုသနည်းတို့ကို AI က ပြန်လည်ဖြေကြားပေးသည့်စနစ်များအား ဆောင်ရွက်ပေးနိုင်ပါသည်။

နိဂုံးချုပ်အနေဖြင့် Smart Agriculture ဟူသည် မြေကြီးကိုချစ်မြတ်နိုးသည့် တောင်သူလယ်သမားများ၏ **"နှလုံးသား"** နှင့် အမှားအယွင်းမရှိ တွက်ချက်ပေးနိုင်သော AI ၏ **"ဦးနှောက်"** ကို အချိုးကျ ပေါင်းစပ်ပေးခြင်းပင် ဖြစ်ပါသည်။ စိုက်ပျိုးချိန်မှသည် ရောင်းချချိန်အထိ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် AI ကို ပေါင်းစပ်အသုံးပြုခြင်းအားဖြင့် ရာသီဥတုနှင့် ဈေးကွက်၏ သားကောင်ဘဝမှ ရုန်းထွက်ကာ ကမ္ဘာ့စားရေရိက္ခာဖြည့်တင်းရေးကို အသိဉာဏ်ဖြင့် ဦးဆောင်မည့် ဒီဂျစ်တယ်ခေတ်မီတောင်သူလယ်သမားကြီးများဖြစ်လာမည်မှာ မလွဲဧကန်ပင် ဖြစ်ပါတော့သည်။ ။

ကိုးကား

- "Harvesting Prosperity: Technology and Productivity Growth in Agriculture" World Bank Publications, 2019.
- "Digital technologies in agriculture and rural areas", FAO Publications, 2020.
- "Artificial Intelligence in Precision Agriculture: A Review", Nurul Ayni Mat Pauzi, et al., 2025.
- "Smart agriculture using IoT for automated irrigation, water and resource management", S Gupta, ScienceDirect Journal, 2025.
- "Artificial Intelligence in Sustainable Smart Agriculture", Sarang Karim, et al., VFAST Transactions on Computer Sciences, 2025.

"ဉာဏ်ရည်တုနည်းပညာခေတ်တွင် ဒရုန်းများမှရရှိသော ပုံရိပ်များကို ကွန်ပျူတာပုံရိပ်ဖတ်စနစ်နည်းပညာဖြင့် အပင်နှင့်အရွက်များပေါ်မှ အစက်အပြောက်လေးများကို မြင်ရုံမျှဖြင့် မည်သည့်ပိုးမွှား သို့မဟုတ် ရောဂါကျရောက်နေသည်ကို လူထက်ဦးအောင် သိရှိနိုင်ပါသည်။ တောင်သူများအနေဖြင့် ကွင်းလုံးကျွတ် ဆေးဖျန်းစရာမလိုဘဲ ရောဂါရှိသည့် အပင်အစုအဖွဲ့လေးကိုသာ တိတိကျကျ ဆေးဖျန်းနိုင်သော စနစ်ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ဓာတုပစ္စည်းအသုံးချမှုကို လျှော့ချကာ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်"



ကျောင်းကုန်းမြို့၌ မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျောင်းကုန်း အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၁)နှင့်အမှတ်(၂) ရပ်ကွက်ကို ပိုင်းခြားထားသော ဌာနေလမ်းတစ်လျှောက်၌ ယနေ့နံနက် ပိုင်းက မြို့နယ်သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြီးကြပ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ချုံခွန်ယိပတ်ပေါင်းများနှင့် ရေမြောင်းများအတွင်း ပိတ်ဆို့နေသည့်အမှိုက်များအား ရှင်းလင်းဖယ်ရှားကာ မြို့နယ်သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်ကြောင့် တနင်္သာရီတိုင်းဒေသကြီး အတွင်း စက်တင်ဘာ ၂၆ ရက် ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှု ဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့် အပြင် ထားဝယ်- မြိတ်- တနင်္သာရီ - ဘုတ်ပြင်း - ကော့သောင်း ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ နေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင် မြေဖြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်ပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။



အဆိုပါ ရေကြီးမှုကြောင့် ထားဝယ်-လောင်းလုံးလမ်းပေါ်ရှိ ဖြိုကျနေသော မြေကြီးများကို ဖယ်ရှားရှင်းလင်းရန်နှင့် လမ်းတစ်လျှောက်ရှိ ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ရန် အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပါဝင်သော ကူညီကယ်ဆယ်ရေး ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့မှ စတင်ထွက်ခွာခဲ့ရာ ထားဝယ်-လောင်းလုံးမြို့ လမ်းတစ်လျှောက်ရှိ လမ်းပေါ်သို့ ဖြိုကျနေသော မြေကြီးများကို စက်ယန္တရားများမှ အသုံးပြု၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ လမ်းများပြုပြင်ပေးခြင်း၊ တံတားများတွင် ပိတ်ဆို့နေသောအမှိုက်များအား ရှင်းလင်းပေးခြင်း၊ လမ်းတစ်လျှောက်ရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း တို့ကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ရွာ၊ ရပ်ကွက်များတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

နေပြည်တော် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာ၊ ဟသံတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ မြို့ပေါ်ရပ်ကွက်အချို့နှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝဝန်မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့၌ ရေများပြန်လည်ကျဆင်းသွားခဲ့ပြီး ရေကြည်မြို့နယ်အတွင်း ၉ ပေ ၁၀ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၉ ပေ ၉ လက်မခန့်နှင့် ကျုံပျော်မြို့နယ်အတွင်း ၇ ပေ ၄ လက်မခန့် ဆက်လက်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အောင်လံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

အောင်လံ အောက်တိုဘာ ၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။



ရှင်းလင်းပြောကြား

ဦးစွာ အောင်လံမြို့နယ် အခွန်ကောက်ခံမှုဥက္ကဋ္ဌ အထောက်အကူပြုအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမြင့်ဦးက တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သရက်ချောင်းမြို့နယ် မြို့မဈေးသမဝါယမအသင်း ရေဘေးသင့်အသင်းသားများအား စားသောက်ကုန်များ ပေးအပ်

သရက်ချောင်း အောက်တိုဘာ ၃



သရက်ချောင်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက မြို့မဈေး သမဝါယမအသင်း လီမိတက်က ရေဘေးသင့်အသင်းသားများအား ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် သရက်ချောင်းမြို့နယ် သမဝါယမဦးစီးဌာနက မြို့နယ်ဦးစီးမှူးနှင့် မြို့မဈေး သမဝါယမအသင်း လီမိတက်အသင်း အမှုဆောင်များက စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးပိုင်(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များအား ဆွမ်းဆန်နှင့် ဆီ ဆက်ကပ်လှူဒါန်း

မုံရွာ အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များတွင် သီတင်းသုံးတော်မူကြသည့် ဆရာတော်/သံဃာတော်များ ဆွမ်းအခက်အခဲမရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး မုံရွာမြို့ပေါ်ရှိ ကိုယ်ပိုင်ကျောင်းများ၊ လုပ်ငန်းရှင်များ စုပေါင်းကာ ဆွမ်းဆန်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မုံရွာမြို့ပေါ်ရှိ ကိုယ်ပိုင်ကျောင်းများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ပင့်သံဃာတော်များထံ ဆွမ်းဆန်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် အုတ်ကန်တောရကျောင်းတိုက်ကြီးနှင့် လယ်တီရပ်ကွက် မဟာလယ်တီကျောင်းတိုက်တို့ရှိ ဆရာတော်ကြီးများထံ ဆွမ်းဆန်နှင့် ဆီ သွားရောက် ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါမုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက် သုံးတိုက်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကိုယ်ပိုင်ကျောင်းများ၊ လုပ်ငန်းရှင်များက ဆွမ်းဆန်တော် ၂၄ ပြည်အိတ် ၁၆၆ အိတ်၊ ဆီ ၁၀ ပိဿာဝင် ၃၇ ပုံးတို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မကွေးမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မကွေး အောက်တိုဘာ ၃

သစ်တောသစ်ပင်များ ဖုံးလွှမ်းလာစေပြီး ဒေသတွင်းစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေရန်၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ညီညွတ်မျှတလာစေရန်၊ မိုးခေါင်ရေရှားခြင်းနှင့် အပူဒဏ်ကို လျော့နည်းသက်သာလာစေရန်၊ ဒေသခံပြည်သူများ သစ်တောပြုစုထိန်းသိမ်းရေးကို ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်၍ ယနေ့နံနက် ၇ နာရီခွဲတွင် ဆေးတက္ကသိုလ် (မကွေး)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက စိုက်ပျိုးမည့် ပျိုးပင်များ ဖြန့်ဝေပေးပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ တပျော်တပါး စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ မည်စည်၊ ပိတောက်၊ တပေဘူတ၊ ခရေ၊ ယင်းမာ၊ ရေတမာ၊ မြန်မာကုက္ကို၊ စိန်ပန်း၊ ဆီသပြေ အစရှိသည့် သစ်မျိုး စုစုပေါင်း ၁၀ မျိုး၊ ပျိုးပင်ပေါင်း ၁၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)





ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ပြည်သူလူထု၏အသက်၊ အိုးအိမ်၊ ပစ္စည်းများကို မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များမှ ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းကို စက်တင်ဘာ ၇ ရက်မှစတင်၍ သင်တန်းကာလရက်သတ္တလေးပတ်ကြာ သင်ကြားပို့ချခဲ့ရာ သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

စာအုပ်စာပေ လူမိတ်ဆွေ
စာပေမြင့်မှ လူမျိုးတင့်မည်

သာယာဝတီမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

သာယာဝတီ အောက်တိုဘာ ၃

ပဲခူး တိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့နံနက် ၉ နာရီက ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို အထက(ခွဲ) ငဖြူကလေးကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။



ဦးစွာ အထက(ခွဲ) ငဖြူကလေးကျောင်းမှကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူ အဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး အထက(ခွဲ) ငဖြူကလေးကျောင်း Grade-11 မှ မောင်ဇွဲခန့်ဇော်က လူငယ်နှင့် အားကစား၊ မောင်ဖိုးလပြည့်က လူငယ်နှင့် မူးယစ်ဆေး၊ မငြိမ်းဆုပန်က လူငယ်နှင့် ကျန်းမာရေး၊ Grade-10 မှ မသက်ဝတီဖူးက လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးခဲ့ကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

❒ **အမှတ်(၂) မှ**

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကျန်ရှိသည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS)နှင့် သံရည်ကျိုအလုပ်ရုံ(Romelt Shop)တို့ကို အမြန်ဆုံး စက်တပ်ဆင်လည်ပတ်ပြီး စက်ရုံတစ်ခုလုံး အပြီးသတ်လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းလုပ်ငန်းများတွင် ပါဝင်သည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS) လည်ပတ်နိုင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd.(TPE)မှ နိုင်ငံခြားသား ပညာရှင်များနှင့် စက်ရုံရှိဝန်ထမ်းများပူးပေါင်း၍ စက်ပစ္စည်းများအား စစ်ဆေးခြင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းက စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသွင်အောင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းသည် နိုင်ငံတော်အတွက်များစွာအရေးပါသည့် စီမံကိန်းဖြစ်သည့်အတွက် တစ်ဦးတစ်ယောက်ချင်းစီအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုဆောင်ရွက်လျက်ရှိသည့် စွန့်ပစ်အပူသုံးဓာတ်အားပေးအလုပ်ရုံ(HRPS) တပ်ဆင်လည်ပတ်ပြီးပါက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကြိုတင်မျှော်မှန်းတွက်ဆ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ထားရန် လိုကြောင်း၊ စက်တပ်ဆင်ခြင်းလုပ်ငန်းများကို သတ်မှတ်ထားသည့်အချိန်ဇယားများအတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံရမည့်စိန်ခေါ်မှုများကို စုပေါင်းအားဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး လိုက်နာဆောင်ရွက်ရမည့်စည်းမျဉ်း၊ စည်းကမ်းများကို ဒေသန္တရအမိန့်အဖြစ်ထုတ်ပြန်ထားရှိရန် လိုအပ်ကြောင်း မှာကြားသည်။

စွန့်ပစ်အပူသုံးဓာတ်အားပေး အလုပ်ရုံ(HRPS)၏ စက်တပ်ဆင်ခြင်းလုပ်ငန်းများပြီးစီး၍ လည်ပတ်နိုင်ပါက လျှပ်စစ်ဓာတ်အား ၄၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ၃၂ မဂ္ဂါဝပ်ကို စက်ရုံတွင် ပြန်လည်အသုံးပြု၍ ပိုလျှံသော လျှပ်စစ်ဓာတ်အား ရှစ်မဂ္ဂါဝပ်ကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအားပေးမြှင့်တင်

တောင်ငူ အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိရာ တောင်ငူမြို့ (၂) ရပ်ကွက်ရှိ ဦးရဲလင်း၏ အေးမေတ္တာဆန်စက်နှင့် စပါးခွံလောင်စာတောင့် ထုတ်လုပ်ရေးအလုပ်ရုံသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့က သွားရောက်ကြည့်ရှုအားပေးခြင်း လိုအပ်သည်များ ပေါ်ပေးစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့အတူ ထီးလိုင်ရပ်ကွက်ရှိ ဦးဇော်မင်းထက်၏ သဇင်ဝါမုန့်လုပ်ငန်း အလုပ်ရုံအတွင်း စက်များ ပြင်ဆင်စမ်းသပ်လည်ပတ်နေမှုကို ကြည့်ရှုပြီး ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ တောင်ငူကွန်ပျူတာ တက္ကသိုလ်ရှိ Server Room နှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးကာ အားကစားပစ္စည်း၊ သုတ်/ရသ စာအုပ်များ ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကေတုမတီမြို့သစ်ရှိ လုပ်ငန်းရှင် ဦးစိုင်းဇာနည်၏ Pioneer ကော်ဖီမှုန့်လုပ်ငန်းနှင့် ဒေသထွက်စားသောက်ကုန်လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ကျိုက်လတ်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ကျိုက်လတ် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁ ရက်က လှိုင်းတာစံပြကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ကျိုက်လတ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရွှေလှဝင်းက အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျုံပျော်ခရိုင်အတွင်း စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများ လိုက်လံစစ်ဆေး

ကျုံပျော် အောက်တိုဘာ ၃

စားသုံးသူရေးရာ ဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၃ ရက်က ကျုံပျော်ခရိုင်အတွင်း စားအုန်းဆီဖြန့်ဖြူးခြင်း လုပ်ငန်းများကို လိုက်လံစစ်ဆေးသည်။



ဦးစွာ ကျုံပျော်မြို့နယ် စားအုန်းဆီ လက်ကားကိုယ်စားလှယ်များထံသို့ တော်ဝင်ဇကရာဇ်ကုမ္ပဏီမှ ကားဖြင့် ဆီလာရောက်ပေးပို့မှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ကျုံပျော်မြို့နယ်၏ ဆီလက်ကား ကိုယ်စားလှယ်နှစ်ဦးတို့က ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုများသို့ စားအုန်းဆီ ထုတ်ယူခွင့်စာအုပ်ဖြင့် ရောင်းချပေးမည့် လက်လီကိုယ်စားလှယ်များထံသို့ ဆီဖြန့်ဖြူးပေးမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးကာ ဖြန့်ဖြူးရာတွင် အလေးချိန် ပြည့်မီစေရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်း စနစ်တကျ ဖြန့်ဖြူးစေရေး တို့ကို စစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့သည် ကျုံပျော်ခရိုင်အတွင်းရှိ ရေကြည်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ စားအုန်းဆီ လက်ကားကိုယ်စားလှယ်များက မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စုများသို့ စားအုန်းဆီ ထုတ်ယူခွင့်စာအုပ်ဖြင့် ရောင်းချပေးနေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)



သထုံမြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာမွမ်းမံသင်တန်းဆင်း

သထုံ အောက်တိုဘာ ၃

သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာမွမ်းမံသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁ ရက်က သထုံမြို့နယ် ပေါ်တော်မူကျေးရွာ ဆံတော်ရှင်စေတီတော်မြတ်ကြီးခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများထံ ကုန်ချောပစ္စည်းများပေးအပ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ ရေနုတ်မြောင်းများတူးဖော်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်

အုတ်တွင်း အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူးဦးစီး၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးရေလျှံမှုမဖြစ်ပွားစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး အတွက် ယမန်နေ့နံနက်ပိုင်းက ရေနုတ်မြောင်းများတူးဖော်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့သည်။



ထိုသို့ပြုလုပ်ရာတွင် အုတ်တွင်းတပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်ဆန်းညွှန့်လှိုင်နှင့် တပ်ရင်း/တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူ အင်အား ၁၅၀ တို့က ကြက်သွန်ခင်း(၁)ရပ်ကွက်ရှိ အောင်စိုးမိုးလမ်းဘေး ဝဲ/ယာ တစ်လျှောက် သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးရေလျှံမှုများ မဖြစ်ပွားစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းတူးဖော်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

သုဝဏ္ဏာဝတီမြို့ မင်းလမ်းအုတ်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

သထုံ အောက်တိုဘာ ၃

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏာဝတီမြို့ မင်းလမ်းတွင် ရေစီးရေလာ ကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသည့် လမ်းဘေးအုတ်စီရေမြောင်းပြုလုပ်ခြင်းနှင့် ရေမြောင်းအတွင်း ပိတ်ဆို့နေသော မြေစာများ တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၂ ရက်တွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



အဆိုပါ လုပ်ငန်းများကို ဒေသခံဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ပြီး မင်းလမ်းအုတ်စီရေမြောင်း အလျား ၂၁၅ ပေ၊ အကျယ် နှစ်ပေနှင့် အုတ်ရေမြောင်းအတွင်း ပိတ်ဆို့နေသော မြေစာများ တူးဖော်ခြင်းလုပ်ငန်းမှာ အလျား ၄၅၄ ပေ၊ အကျယ် နှစ်ပေ ရှိကာ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အလုံမြို့နယ် မီးသတ်စခန်းတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂ ရက် မွန်းလွဲ ပိုင်းကပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပူတာအိုမြို့နယ်၌ လယ်သီးထပ်ဆိုမုန်ညင်းစိုက်ပျိုးနိုင်ရေး တောင်သူများနှင့်တွေ့ဆုံ

ပူတာအို အောက်တိုဘာ ၃

မြန်မာနိုင်ငံ မြောက်ဖျားပိုင်း ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လယ်သီးထပ် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်သည် ဇီးအွန်ကျေးရွာအုပ်စုအတွင်း မူလာချောင်းဘေး၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး ဆီမုန်ညင်းတိုးချဲ့စိုက်ပျိုး ဇရိယာအတွက် ခြံစည်းရိုးကာရံနိုင်ရေး ငွေကျပ်သိန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်၍ တစ်သီးမှနှစ်သီး စံပြအဖြစ်တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးစားကြရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သော နောင်ခိုင်-ဇီးအွန်-မူလာရှိုးဒီလမ်း ၁၂ မိုင် ကျော်အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက် ပြီးစီးခဲ့သော မူလာရှိုးဒီ ကျေးရွာအတွင်း ကျောက်ချောလမ်း လေးမိုင် ဆောင်ရွက်ပြီးစီးမှုကို လည်း ကောင်း၊ ကျေးရွာအတွင်း ခရစ်တော်၏ အသင်းတော် ဘုရားကျောင်းဝင်း အတွင်း မိသားစုတစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လည်း ကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပမ္မတီးကျေးရွာအုပ်စု ကျေးရွာဘုရားကျောင်း၌ ၂၀၂၆-၂၀၂၇ ခုနှစ် ကချင်ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဆောင်းသီးထပ် ဆီထွက်သီးနှံ ဆီမုန်ညင်းစိုက်ပျိုးရန် ယခင်နှစ် ၁၁၅ ဧက၊ ယခုနှစ် ၄၄၈ ဧက စုစုပေါင်း ၅၆၃ ဧကအတွက် ဆီမုန်ညင်းမျိုးစေ့ တင်း ၇၀နှင့် စိုက်ပျိုးမည့် ကျေးရွာကွင်း ၁၄ ကွင်း ခြံဝင်းကာရံနိုင်ရေး ငွေကျပ် ၁၇၅သိန်း၊ ကျေးရွာဘုရားကျောင်း တည်ဆောက်ရန် အလှူငွေ ကျပ်သန်း ၅၀ ကို ပေးအပ်ကာ ပြည်နယ်ဝန်ကြီးများက ဘုရားကျောင်း တည်ဆောက်ပြီးစီးရေး အတွက် အလှူငွေများကို ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါကျေးရွာနှင့် ဝါခွန်ဒါန်း ကျေးရွာချင်းဆက်လမ်း ပေ ၁၀၀၀ ကျောက်ချောလမ်း ခင်းနိုင်ရေး ကျေးရွာ တာဝန်ရှိသူများနှင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

မိတ္ထီလာမြို့၌ ကျောင်းမုန့်ဈေးတန်းဈေးသည်များ ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ အောက်တိုဘာ ၃

မိတ္ထီလာမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းမုန့်ဈေးတန်းဈေးသည်များ ဈေးရောင်းချရာတွင် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောင်းမုန့်ဈေးတန်း ဈေးရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှုရှိ/ မရှိ၊ ကျန်းမာရေးစစ်ဆေးခံပြီးသော အသိမှတ်ပြုကတ်ပြား ရှိ/မရှိ၊ အစားအစာများကို လက်အိတ်စွပ်ပြီး ကိုင်တွယ်မှု ရှိ/မရှိ၊ ရောင်းချသည့်မုန့်များ သန့်ရှင်းလတ်ဆတ်ခြင်း ရှိ/မရှိ၊ ရောင်းချသည့်အစားအစာများကို အဖုံးအအုပ်များဖြင့်ထားရှိခြင်း ရှိ/မရှိ စသည့် ကျောင်းမုန့်ဈေးတန်းရောင်းချသူများ လိုက်နာရမည့် ကျန်းမာရေးစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)





သာစည်မြို့နယ်၌ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးသင်တန်းဖွင့်

သာစည် အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး သင်တန်းဖွင့်ပွဲနှင့် သင်တန်းပို့ချခြင်းကို အောက်တိုဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရခြင်း ရည်ရွယ်ချက်များ၊ စာရင်းကောက်ယူရမည့်ပုံစံအချက်အလက်များနှင့် လုပ်ငန်းစဉ်များစသည့် ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်းလက်စွဲစာအုပ်ပါ အကြောင်းအရာများကို ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ ဘာမိသာ(ပခုက္ကူ)

ပုသိမ်တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ပုသိမ် အောက်တိုဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဦးမောင်မောင်ဦးသည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၃) ရပ်ကွက် ပုသိမ်တက္ကသိုလ်ဝင်း အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



စည်ပင်သာယာရေးဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်တက္ကသိုလ်ဝင်း အတွင်းရှိအဆောင်များ သန့်ရှင်းသာယာ လှပရေးအတွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းမှုရှိစေရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရေး၊ ခြင်များ ပေါက်ပွားနိုင်သည့် နေရာများတွင် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အတိတ်ဆေး ဓာတ်ခြင်းများကို ကျန်းမာရေး ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ချုံနွယ်များ စနစ်တကျရှင်းလင်းစေရေးနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို အပတ်စဉ်ဆောင်ရွက်ခြင်းများအပြင် နေ့စဉ် သန့်ရှင်းသပ်ရပ်မှု ရှိစေရေးကို လည်း အလေးထားလိုက်နာ ဆောင်ရွက်သွားရန် မှာကြားသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

အလားတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများတွင် အပတ်စဉ်စနေနေ့တိုင်း ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)

ရေးမြို့နယ်၌ မြို့အင်္ဂါရပ်နှင့်အညီလှပစေရေး ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရေး အောက်တိုဘာ ၃

မွန်ပြည်နယ် ရေးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သီရိနန္ဒာရပ်ကွက်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရေးခရိုင်စီမခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး သူဇဋိုးရန်နိုင်ဦးနှင့် စီမံအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိတို့ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် လုပ်ငန်းတာဝန်ရှိသူများက ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ပေါင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ကျောက်စီရေမြောင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပတ်သက်၍ တင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရှိရေး၊ ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး စဉ်ဆက်မပြတ် ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ရှင်းသန့်ဖြူ

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အဆို၊ အက၊ အရေး၊ အတီး ပန်တျာခရီး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

သမိုင်းဦးအစကာလများကပင် အဆင့်အတန်းမြင့်မားပြီး အရည်အသွေးပြည့်စုံသည့် မြန်မာတို့၏အနုပညာယဉ်ကျေးမှုများသည် ပန်တျာခရီးသွားများစွာ ပါဝင်လာသည့်အခါ ပိုမိုတောက်ပထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွား ရှိလာကြတော့သည်။ အဆို၊ အက၊ အရေး၊ အတီးဟူသည့် မြန်မာ့မူဟန်ပညာရပ်များသည် ပန်တျာခရီးသွားများ၏ကျေးဇူးကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းဝယ် မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်ကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသနိုင်ခဲ့သည်ချည်းဖြစ်ခဲ့သည်။ ပန်တျာခရီးသည်ပညာရှင်များ၏ ပြုစုပျိုးထောင်၊ သိုမှီးစုဆောင်းမှုများနှင့် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ပညာရပ်များသည် ခက်လက်ဝေလွင် ဥယျာဉ်ကြီးနှယ် လှပတင့်မောနေခြင်းဖြစ်သည်။

ဆိုမှု၊ ကမှု၊ တီးမှုတို့ကိုအခြေပြုသော အနုပညာတစ်ရပ်ကို မြန်မာတို့အလိုအားဖြင့် ပန်တျာဟုခေါ်သည်။ ထိုပန်တျာအနုပညာသည် လူတို့၏ စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေနိုင်သည်။ ရွှင်ပြုံးချမ်းမြေ့စေနိုင်သည်။ ပန်တျာဟူသောဝေါဟာရကို သက္ကရာဇ်၅၅၂ ခုနှစ်ထိုး ပုဂံမြို့၊ ဝက်ကြီးအင်းအလယ်ပိုင်း၊ ချောင်းအနောက်၊ စာရင်း ၁၂၂၊ မြန်မာတိုင်းရင်း ကျောက်စာပုံ ၅၀၊ ကျောက်စာကြောင်းရေ ၂၄ နှင့် ၂၆ ကြားတွင်-

"စည်သည်ငါစိမ်၊ ၁ စည်သည်၊ ငါပြည ၁ စည်သည် ငါ...။ ပန်တျာအိုမိ ၁ ပန်တျာ အိုကြွံ့ ၁ ပန်တျာ ထန်ဗူ ၁၊ ပန်တျာအိုချောက် ၁၊ ပန်တျာ

ယဆိယ်၁၊ ပန်တျာ ယမတ် ၁၊ ပန်တျာသံမူရာ ၁"

ဟူ၍ပါရှိခဲ့လေသည်။ ဤတွင် ပန်တျာ ဟူသော ဝေါဟာရကို -

ပန် = ဖန်ဆင်းခြင်း၊ ပြုပြင်ခြင်း၊ ပြုလုပ်သူ၊ ဖန်ဆင်းသူ။

တျာ = တီးမှုတ်ခြင်း၊ တီးမှုတ်စရာ

ဟူ၍ ကျောက်စာဝန်ဟောင်း ဦးဖိုးလတ်ကယူဆခဲ့လေသည်။ မြန်မာအဘိဓာန်ကမူ ပန်တျာကို "စည်တစ်မျိုး၊ အတီးအမှုတ်၊ အဆို၊ အတီး၊ အကပညာ" ဟူ၍ ဖွင့်ဆိုပြလေသည်။ မည်သို့ပင်ဆိုစေ ပန်တျာဟူသည် အနုသုခုမဆိုင်ရာ လူများ၊ ပစ္စည်းများ၊ တေးဂီတများကို ရည်ညွှန်းနေကြောင်း မှတ်သားနိုင်သည်။

အဆို

ရှေးမြန်မာစာပေ ဂီတလင်္ကာ အနုသဘင်ပညာတို့သည် တစ်မျိုးနှင့်တစ်မျိုး ရောထွေးယှက်တင်ဆက်နွယ်လျက်ရှိခဲ့ကြလေသည်။ ပါဠိ၊ သက္ကတ စသည့်ဘာသာတို့တွင် ကဗျာနှင့် ဂီတမှာခြားနားခြင်း မရှိလှ။ ကဗျာကိုပင် တူရိယာဖြင့် တွဲဖက်သီဆိုခြင်းဖြင့် ဂီတအဖြစ်သို့ ပြောင်းလဲနိုင်သကဲ့သို့ ဂီတကို တူရိယာလွတ် မတြာကို လျော့၍ဆိုခြင်းအားဖြင့် ကဗျာအဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း လေ့လာသိရှိရသည်။ အများအားဖြင့် ကာရန်နှင့် ဖွဲ့ဆိုဖတ်ရှု၍ ရသောစာပေကို ကဗျာအဖြစ်လည်းကောင်း၊ ထိုကဗျာကိုပင် စည်း၊ ဝါး၊ တူရိယာနှင့် တွဲဖက်လျက် သီချင်းအဆိုအဖြစ်လည်းကောင်း ခေါ်ဆိုကြသည်။ သီချင်းအဆိုသည် စင်စစ် ဂီတပင်ဖြစ်သည်။ အဆိုပညာရှင်တစ်ဦးသည် တူရိယာကို မတီးခတ်၊ မမှုတ်တတ်ငြားစည်း၊ ဝါးကို အနည်းဆုံး နားလည်ကြသည်။ ၁၉၀၀ ပြည့်နှစ်တွင် ဓာတ်စက်၊ ဓာတ်ပြားများပေါ်လာ၍ သီချင်းကြီးဓာတ်ပြားများ၊ ဇာတ်ထုပ်များ၊ နာမည်ကျော်ဆိုင်းဆရာကြီးများ၏ ဆိုင်းတီးလုံးများ ခေတ်စားလာသည်။ ထိုစဉ်က(မစ္စကွမ်)ဓာတ်ပြားကုမ္ပဏီတစ်ခုတည်းသာရှိသေးသည်။ သီချင်းကြီးများဓာတ်ပြားသွင်းရာ၌ စောင်းဆရာငြိမ်းနှင့် အဆိုတော် ကျိုက်လတ်မယ်သင်တို့မှာ ထင်ရှားခဲ့သည်။ ဇာတ်မင်းသားကြီးဦးဖိုးစိန်သည် မဲဇာတောင်ခြေရတုကို ရှေးမူမှန်အတိုင်းမဆိုဘဲ ဆိုဟန်ကိုတိုးချဲ့တီထွင်သဖြင့် မဲဇာတောင်ခြေရတုကို လူအများ အသည်းစွဲခဲ့ကြသည်။

သီချင်းသီဆိုသူတစ်ဦးသည် သီချင်းတစ်ပုဒ်ရှိ အဆင်တန်ဆာများဖြစ်ကြသော ရှည်တိုလေးပေါ့သော ဒီဃရသအသံများ၊ စကားလုံး လေယူလေသိမ်း၊ သီချင်းစာသား၏အဓိပ္ပာယ်၊ လျှာစောက်အာစောက်များဖြင့် သီဆိုတတ်ကြသည်။ အရစ်အဝဲများ ပါဝင်ခြင်း၊ အဖိအဖော့များပါဝင်ခြင်း၊ ဟန်နေဟန်ထား၊ အယူအဆများ ပါဝင်ခြင်း၊ နှုတ်တိုက်သင်ကြားမှု ခံယူရခြင်း စသည်ဖြင့် သီဆိုသူတစ်ဦး၏ တာဝန်ကျေပွန်ရန်လည်းလိုအပ်သည်။ ထိုနည်းလမ်းဖြင့် ဒေါ်စောမြအေးကြည်သည် ရှေးမြန်မာဂီတသီချင်းများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဆိုနည်း၊ ဆိုဟန်၊ တီးဟန်၊ တီးကွက်များကို ရှေးမူမှန်ဖြစ်အောင် အထူးထိန်းသိမ်းပေးခဲ့သည်။ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီပေါ်ပေါက်လာသောအခါအောင်မြင်သောအသံနှင့် အဆွဲအငင်ပိုင်နိုင်စွာ သီဆိုနိုင်သူ မကြည်အောင်၊ ချိုအေးကြည်လင်သောအသံရှင် မအေးမိ၊ အဆိုပိုင်သူ အငြိမ့်မင်းသမီး လေဘာတီမမြရင်၊ ဥသြဘသောင်နှင့် စိန်ပါတီတို့ စုံတွဲသီချင်းများကျော်ကြားလာသည်။ အများစုသော ရှေးခေတ် အဆိုပညာရှင်တို့သည် အဆိုရော အတီးပါ စွယ်စုံကျွမ်းကျင်ကြသည်။

> **"အဆို၊ အက၊ အရေး၊ အတီးဟူသည့် မြန်မာ့မူဟန်ပညာရပ်များသည် ပန်တျာခရီးသွားများ၏ကျေးဇူးကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းဝယ် မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်ကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသနိုင်ခဲ့သည်ချည်းဖြစ်ခဲ့သည်။ ပန်တျာခရီးသည်ပညာရှင်များ၏ ပြုစုပျိုးထောင်၊ သိုမှီးစုဆောင်းမှုများနှင့် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ပညာရပ်များသည် ခက်လက်ဝေလွင် ဥယျာဉ်ကြီးနှယ် လှပတင့်မောနေခြင်းဖြစ်"**

အက

လူ၏ ခန္ဓာကိုယ်ကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အချိန်နှင့်နေရာမရွေး ရွှေ့လျားပြောင်းလဲနိုင်သော အကပညာသည် လွန်စွာရှေးကျသော အနုပညာတစ်ရပ်ပင်ဖြစ်ပြီး ကမ္ဘာ့နေရာအနှံ့အပြား၌ ထွန်းကားခဲ့သည်မှာလည်း မငြင်းဆိုနိုင်သော အကြောင်းတစ်ရပ်ဖြစ်သည်။ လူမျိုးစုတစ်စု၏ အကပုံစံများကိုလေ့လာခြင်းဖြင့် ထိုလူမျိုးစုတို့၏ ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကိုလည်း လေ့လာသုံးသပ်နိုင်ပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အကအနုပညာသည် ဘာသာဗေဒတစ်ရပ်နှယ် သီးခြားခွဲထွက်လျက် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာရပ်များအဖြစ် သီးခြားရပ်တည်လာနိုင်ကြသည်ကို တွေ့ရသည်။

အကဟူသည် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ရှုချင်စဖွယ် ညွတ်ကွေးကပြခြင်းပင်ဖြစ်သည်။ သို့အတွက် လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းများသည် အကပညာအတွက် အဓိကကျသော လိုအပ်ချက်များဖြစ်လာရသည်။ ထို့ပြင် အကအနုပညာသည် စကားလုံးမလိုဘဲ ကိုယ်လက်လှုပ်ရှားမှုဖြင့် ဖော်ပြလိုသော ခံစားချက်ကို ဘာသာပြန်တင်ဆက်နိုင်သော ပညာရပ်တစ်ခုလည်းဖြစ်သည်။ ထိုလှုပ်ရှားမှုနှင့် ပတ်သက်၍ အကသမိုင်းဆိုင်ရာ ပညာရှင်များက အကဟူသည် လူသားတို့၏ အခြေခံပင်ကိုစရိုက်လက္ခဏာများနှင့် စိတ်ခံစားချက်များ ပေါင်းစည်းဖြစ်ပေါ်လာသော လှုပ်ရှားမှုမှ အကဖြစ်ပေါ်လာသည်ဟု ဖွင့်ဆိုကြသည်။

မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားနှင့် သီပေါမင်းတရားတို့ခေတ်တွင် နန်းတွင်းအီနောင်ဇာတ်၊ ရာမဇာတ်စသည်တို့ ကပြခဲ့စဉ်က အီနောင်နန်းတွင်းဇာတ်တော်ကြီးတွင် နာမည်ကျော်လူကြိုက်များလှသော ပွတ်စပါးမင်းသမီးနေရာမှ ကပြခဲ့သူ ယင်းတော်မလေးမှာ ထင်ရှားခဲ့သူ အကပညာရှင်ဖြစ်သည်။ ယင်းတော်မလေးနှင့် မရှေးမနှောင်းပင် ဆင်ခိုးမလေးဟူ၍ အဆို၊ အကနှစ်ဌာနဝယ် နာမည်ကျော်သူလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုမှ ဒေါ်ကွမ်းငုံနှင့် ကိန္နရာပျံတို့သည်လည်း ထင်ရှားကြသူများဖြစ်သည်။ ကိန္နရာအကနှင့် အရုပ်ကြိုးကဖြင့် နာမည်ကျော်ကြားလာသူမှာ မထွေးလေးဖြစ်သည်။ မထွေးလေးနောက်ဝယ် ဇာတ်မင်းသမီးကြီးများဖြစ်သည့် ဒေါ်စိန်နက်၊ ဒေါ်ငွေဘော်၊ ဒေါ်စိန်ထား၊ ဒေါ်သိန်ညှာ၊ ဒေါ်စိန်ဖော့၊ ဒေါ်စိန်ကျော့၊ ဒေါ်စိန်ညွှန့်နှင့် အငြိမ့်မင်းသမီးများဖြစ်ကြသည့် ဒေါ်စိန်သုံ၊ ဒေါ်စိန်နွဲ့၊ မစိန်ညှာ၊ စိန်အေးမေ၊ စိန်မာ၊ ရေကျော်စိန်ပု၊ဒေါ်စိန်ဆင်၊ တက္ကသိုလ်ပြည်သိန်းတင်၊ ချင်းမလေးအောင်စိန်၊ ရှမ်းမလေးစိန်ရင်၊ ဂျိုးဂျာမယ်မဒင်သန်း၊ ဒီးဒုတ်ခင်မြိုင်၊ ပဲခူးမြ စသည့် အကပညာရှင်တို့သည် ပန်တျာလမ်းကြောင်းကို အားကောင်းအောင် မောင်းနှင်နိုင်ကြသည်။

ထို့ပြင် အမျိုးသားအကပညာရှင်များဖြစ်ကြသည့် အီနောင်မောင်လှိုင်း၊ အီနောင်မောင်တုတ် (ဦးစံတုတ်)၊ ရာမဇာတ်ကပြသူဆရာမြ၊ မောင်ဘိုးဝေ၊ ဒိုးပတ်အကတွင် ဗုံမောင်ကျန်၊ ဗြောကိုလန်း စသည့် ပညာရှင်များ၏ ပန်တျာလမ်းသည် မှတ်မှတ်ထင်ထင်တင်ကျန်ရစ်ခဲ့ကြသည်။ ထိုမှ ဦးကျော်ဇံ(ခေါ်) ဦးဘကျော်၊ ဦးစိန်ကတုံး၊ ဦးသင်း၊ ဦးဆင်၊ ဦးစိန်အုပ်၊ ဦးစိန်ခို၊ ဦးစံရှား၊ ဦးဖိုးစိန်၊ ဦးအောင်မောင်း၊ ဦးတက်ခေတ်စိန်၊ ဦးတောကျော်၊ ဦးအောင်ငြိမ်း၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေနန်းတင်၊ စိန်မာဒင် စသည့် ပညာရှင်များနှင့် မန္တလေးသိန်းဇော်၊နန်းဝင်းတို့သည်လည်း ပန်တျာလမ်းဝယ် လမ်းဖောက်လမ်းလျှောက်ခဲ့သူများဖြစ်ကြသည်။

အရေး

သီချင်းရေးသူတစ်ဦးသည် ဗဟုသုတ၊ စာပေနှင့် တီးလုံးတေးသွား၊ သင်္ကေတတို့နှင့် ရင်းနှီးသူများဖြစ်သည်။ စာပေအရာ၌ သဒ္ဒါနည်း၊ အလင်္ကာနည်း၊ ဆန်းနည်းတို့ကိုလည်း အကျဉ်းမျှ သိထားကြသည်။ စည်းနှင့်ဝါးဟူသည့် စည်းခန်းများ၏ အချိန်ဇယား သတ်မှတ်ပေးမှုကိုအကြောင်းပြု၍ စည်းနှင့်ဝါး သဘောကို နားလည်ထားကြသည်ချည်းဖြစ်သည်။ အခြေခံအဖြစ် သီချင်းရေးသားစပ်ဆိုမှုနှင့်အကျွမ်းဝင်သော အဓိကစည်းဝါးများဖြစ်သည့် စုံစည်း၊ ဝါးလတ်စည်း၊ နရီစည်း၊ ငံ့စည်းများကို အသာဆွတ်ယူနိုင်ကြသည်။ သီချင်းတစ်ပုဒ်သည် ကမ္ဘာလောကတစ်ဝန်း၌ လောကီတန်ဆာ ပန်းမာလာများသဖွယ် တင့်တယ်မွန်မြတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့် ထာဝရနှစ်သက်ဖွယ် တင်ကျန်စေကြသည်။

ကျိုက်လတ်ဦးပြုံးချိုမည်သော တေးရေးဆရာကြီး ဦးပြုံးချို၏ 'တေဘုမ္မာ" ယိုးဒယားနှင့် "ဇာတိအာဏာ" ယိုးဒယား သီချင်းတို့မှာ တင့်တယ်မွန်မြတ်ခြင်းဖြင့် ကျန်ရစ်ခဲ့သော သီချင်းများဖြစ်သည်။ ဆရာကြီး၏ ဇေယျတုသဗ္ဗမင်္ဂလံ သီချင်းမှာလည်း မင်္ဂလာတို့ဖြင့် ထုံမွမ်းနေခဲ့သည်။ အရေး ဟုခေါင်းစဉ်တပ်သော သီချင်းရေးကြသည့် ပန်တျာလမ်းဝယ် ဂီတစာဆိုများဖြစ်ကြသည့် ဆရာခါ၊ ဆရာတာ၊ နန်းတော်ရှေ့ဆရာတင်တို့လည်းပါဝင်ခဲ့ကြသည်။ နန်းတော်ရှေ့ဆရာတင်၏ 'သူဌေးဝါဒ"သီချင်းသည် မျိုးချစ်စိတ်ကိုလှုံ့ဆော်ပေးသော သီချင်းဖြစ်သည်။ ထိုနည်းတူနိုင်ငံတော်သီချင်းဖြစ်လာမည့် ရှေ့ပြေးသီချင်းကို ပိုင်အမ်ဘီဆရာတင်က "ဒို့ဗမာသီချင်း" အဖြစ် ရှေးဦးရေးသားထင်ရှားခဲ့သည်။ ခေတ်မီတိုးတက်သောအနာဂတ်မြန်မာနိုင်ငံတော်ကို ရည်မှန်းကာ မြို့မငြိမ်းက 'လူချွန်လူကောင်း'သီချင်းကို ရေးခဲ့သည်။ ၎င်းတို့အပြင် မြန်မာညွှန့်ဆရာတင်၊ သဟာယဆရာတင်၊ ဒဂုံဆရာတင်၊ ရွှေတိုင်ညွှန့်၊ အရှေ့ပိုင်းဆရာချစ်၊ ၁၂ လမ်းဆရာမောင်၊ အေဝမ်းဆရာညှာ၊ မြို့မငြိမ်း၊ ဗြိတိသျှဘားမား ကိုခင်မောင်ထွေးနှင့် ဆရာထားတို့သည်လည်း တေးရေးပန်တျာလမ်းဝယ် ထင်ရှားခဲ့ကြသည်။ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ ကိုလေးညွှန့်၊ ဝဏ္ဏကျော်ထင်စိန်မြမောင်၊ ကိုသက်ဦး၊ ချိုတေးဆက်ကိုအောင်ကိုး၊ စန္ဒရားချစ်မောင်၊ စန္ဒရားချစ်ဆွေ၊ ပန်တျာချစ်လှိုင်၊ မောင်မောင်လတ်၊ အေဝမ်းစိုးမြင့်၊ လင်းခေးလုလင်၊ ဟင်္သာတမြင့်ငွေ၊ စန္ဒရားတင်ဝင်းလှိုင်၊ မောင်ကြေးမုံ၊ ကိုညွှန့်ဝေ စသည့် မျိုးဆက်တို့ကလည်း ဆိုကရေးတီးပြိုင်ပွဲကြီး၏ အရေးမည်သော ဘာသာရပ်ခေါင်းစဉ်အောက်ဝယ် မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းမျှဝေ လက်တွဲခေါ်ဆောင်နိုင်ခဲ့ကြသည်။ သီချင်းရေးပြိုင်ပွဲသည် သီချင်းရေးသူတစ်ဦး၏လုံ့လဝီရိယကြောင့် သီချင်းတစ်ပုဒ်ဖြစ်တည်ခဲ့ရသလို အချိန်တိုအတွင်း၌ သီချင်းတိုက်ရန် အတီးဆရာရှာရ၊ သီဆိုသူရှာရသော တေးရေးတစ်ဦး၏ ခံစားမှုပုံရိပ်သဏ္ဌာန်၊ အတွေ့အကြုံကိုပါ အရေးပြိုင်ပွဲကြီးက ပေးစွမ်းနိုင်လေသည်။

အတီး

အတီးဘာသာရပ်သည် ဂီတပင်ဖြစ်သည်။ ဂီတဆိုသည်မှာ လူတို့၏ ခံစားချက်အရပ်ရပ်တို့ကို လူတို့၏အသံ၊ လူတို့ပြုလုပ်ဖန်တီးသော ပစ္စည်းကိရိယာများမှ ထွက်ပေါ်လာသောအသံတို့ဖြင့် အနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင် စသော အနုပညာ နည်းစနစ်များအရ သီကုံးစပ်ဆိုထားသည့် နရီအချိန် ညီညွတ်မှန်ကန်စွာ ရွှေ့လျားနေသော အသံအဖွဲ့အစည်းကို ခေါ်ခြင်းဖြစ်သည်။

ဂီတဟူသော ဝေါဟာရသည် ပါဠိသက်ဝေါဟာရတစ်ခုဖြစ်ပြီး သီချင်းဟုလည်းကောင်း၊ သံစဉ်အမျိုးမျိုးဖြင့် ပြေပြစ်ချောမွေ့အောင် ဖွဲ့ထားသော အဖွဲ့အနွဲ့၊ တေး၊ တေးချင်း၊ တေးသီချင်း ဟူ၍ လည်းကောင်း ဖွင့်ဆိုကြသည်။ သီဆိုခြင်းဆိုသည်မှာ စာသားဖြင့် ဖွဲ့သီခြယ်မှုန်းထားသော ဂီတသံစဉ်တေးသွား အတွဲအဖက်များကို နှုတ်ဖျားမှ ဌာန်ကရိုဏ်းကျကျဖြင့် မြည်တမ်းရွတ်ဆိုခြင်းပင်ဖြစ်သည်။ မြန်မာအဘိဓာန်အတွဲ-၁ တွင်မူ ဂီတ၏အနက် အဓိပ္ပာယ်ကို သီဆိုခြင်း၊ **စာမျက်နှာ ၁၂ သို့** ❖

ဖလမ်းမြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၃

ချင်းပြည်နယ် ဖလမ်းမြို့မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့ နံနက်ပိုင်းတွင် ကျင်မွာလ်ရပ်ကွက် တောင်ဇလပ်လမ်း လမ်းဘေး ဝဲ/ယာတွင် ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်သွားရောက် ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသူများအား အာဟာရမုန့်များ ပေးအပ်သည်။

ယမန်နေ့ ညနေပိုင်းက လည်း ဒုတိယဝန်ကြီးသည် ပြည်နယ်သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသအတွက် စေတနာထားကာ အကောင်းဆုံးကြိုးစား ဆောင်ရွက်သွားကြရန်၊ အစိုးရ ယန္တရားများ စနစ်တကျလည်ပတ် နိုင်ရန်၊ အခြေခံအဆောက်အအုံများနှင့် ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများကို စံချိန်စံညွှန်းနှင့် အညီ ဆောင်ရွက်ရန်လိုကြောင်း၊ မိုးတွင်းကာလတွင် ပျက်စီးနေသည့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ခြင်းဖြင့် သွားလာရေး မြန်ဆန်ပြီး ကုန်စျေးနှုန်းကြီးမြင့် ခြင်းကို လျော့ချနိုင်မည်ဖြစ် ကြောင်း၊ နေရပ်ပြန်ပြည်သူများ ပြန်လည်ဝင်ရောက်မှုကို စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲတွင် သက်ဆိုင်ရာ



ဝန်ကြီးဌာနကိုယ်စားလှယ်များက လုပ်ငန်းကဏ္ဍအလိုက် ပြန်လည် ထူထောင်ရေးလုပ်ငန်းဆောင်ရွက် ချက်များ၊ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုများအပေါ် ဆက်လက်၍ ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီး ယာယီဆေးရုံ ပေါင်းစပ် ညှိနှိုင်းပေးသည်။

ပြင်ပလူနာဌာန၊ ယာယီခွဲစိတ် ခန်း ဆောင်ရွက်ထားရှိမှုကို သွားရောက် ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ် ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါ သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံး၀ (လုံး၀) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါ ရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဖြင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူ အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်း မွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီး ခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှု မရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်း ပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သို့လှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက် ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက် နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်း စာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှု သတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက် အလက် ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

❖ **စာမျက်နှာ ၁၁ မှ**

သီချင်းဟူ၍ ပြသည့်အပြင် သီဆိုတီးမှုတ်ခြင်းဟူ၍လည်းပြထားလေသည်။ဝေါဟာရတွေ့ပကာသနိကျမ်း၌ "၃ မြောစင်ဖြစ်ခဲ့က ဗျူတာပေါက်၏" ဟူသော မြတ်ဆရာတို့က အဓိန့်စကားရှိကြောင်း ဖွင့်ဆိုထားရာ မကြာဆိုသည်မှာ လျှပ်တစ်ပြက် လက်ဖျစ်တစ်တီးအချိန်ကလေးကိုဆိုလိုပြီး " ဗျူဟာပေါက်၏" ဆိုသည်မှာ ဂီတသံကိုရောက်၏ဟု ဆိုလိုရင်းဖြစ်သည်။ သို့ကြောင့် ၃ မကြာ သို့မဟုတ် ယင်းထက်ကြာသော ဆွဲငင်သောအသံသည် ဂီတသံဖြစ်၏ဟု အဓိပ္ပာယ်ထွက်လေသည်။ ဂီတ၏ ဒြပ်ပစ္စည်းမှာ အသံပင်ဖြစ်သည်။ အကွရာမပါဘဲ စာပေဖြစ်နိုင်သကဲ့သို့ အသံမပါဘဲ ဂီတမဖြစ်ချေ။ အသံတစ်ခုတည်းနှင့်လည်း ဂီတမဆိုနိုင်ချေ။ နရီ (စည်းဝါး)ခေါ် အချိန်ပါရှိရန်လည်း လိုအပ်ပြန်သည်။ အသံနှင့်နရီ တွဲဖက်ပေါင်းစပ်က လှသည်။ နရီဆိုသည်မှာ အချိန်ပင်ဖြစ်သည်။

ထိုသို့သော ဂီတ၏သဘောကို အဓိပ္ပာယ်ရှင်းတို့က နားလည်ကြသည်။ ဒေဝဏ္ဍန္ဒာ မောင်မောင်ကြီးကို စောင်းဘုရင်ဟု တင်စားကြသည်။ မိကျောင်းတူရိယာ၊ စန္ဒရား၊ ပတ္တလားစသော တူရိယာများ နိုင်နင်းကျွမ်းကျင်သည်။ ၎င်း၏တပည့် မောင်မောင်လတ်သည် မဟာဂီတကျွမ်းကျင်သည်။ ဂီတပိသော ဓနိကျမ်းစာအုပ် ပြုစုထုတ်ဝေသည်။ နာမည်ကျော် ပတ်တီးဆရာများမှာ ဦးမိုးညွှင်း၊ ဆရာစိမ့်၊ စိန်ဇေဒါ၊ ဇာတ်မင်းသား ဦးစိန်ကတုံး၏ဖခင် ဦးကျော်ဦး၊ ဦးဟန်ပ၊ ဦးဘမောင်တို့ဖြစ်ပြီး ပတ္တလားတွင် ဆရာသိန်းကြီး၊ ဆရာညွှန့်၊ ဦးကျော်ဇံ၏၊ ဦးရင်မောင်၊ ဆရာဘကြီး၊ ဆရာဘလေးတို့ဖြစ်သည်။ နဲဆရာကြီးများမှာ ဦးဇေဗျာ၊ ဦးသာကြင်၊ ဦးဒီလုံး၊ ဦးကျောက်လုံးနှင့် မြန်မာညွှန့်၊ ဦးချစ်မောင်တို့ဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်တွင် စန္ဒရားကို မြန်မာသံစဉ်ညှိ၍ တီးလာကြသည်။ စတင်စမ်းသပ်တီးခတ်သူမှာ ဆရာညွှန့်ဖြစ်သည်။ ထို့နောက်ဆရာကြီး ဦးထွန်းဖေ၊ဘိလပ်ပြန် ဆရာကြီး ဦးချစ်ထူးတို့ နာမည်ကြီးသည်။ ထိုမှ ကောလပ်ကျောင်းသား မောင်ကျော်သည် စန္ဒရား ချန်ပီယံဘွဲ့ရခဲ့၍ ချန်ပီယံမောင်ကျော်ဟု နာမည်ကျော်ခဲ့သည်။ ၎င်းအပြင် ရွှေပြည်အေး၊ စိန်ဝေလွှံ၊ အေဝမ်းခင်မောင်တို့လည်း နာမည်ကြီးကြပြန်သည်။ ၁၉၃၀ ပြည့်နှစ်အလွန်တွင် ဂီတာကိုမြန်မာသံစဉ် အတိုင်းကြိုးညှိ၍ ကျင်လည်စွာတီးခတ်နိုင်သဖြင့် နာမည်ကြီးလာကြသူမှာ ဂီတာစိမ်းမောင်ဖြစ်သည်။ တယောကို မြင်းစိုင်းကြိုးနှင့် နိုင်နင်းစွာထိုးနိုင်၍ တယောဘသွင် နာမည်ကြီးလာသည်။ ၎င်းသည် သီချင်းလည်းဆိုနိုင်သူဖြစ်ရာ ကိုယ်တိုင်ဆို ကိုယ်တိုင်တီးသူအဖြစ်အသိများသည်။ တယောဘရီ၊ တယောဝိန္ဒာကိုဖိုးဝိုင်တို့လည်း နာမည်ကြီးသည်။

ဆိုခြင်း၊ ကခြင်း၊ သီချင်းရေးခြင်း၊ တီးခတ်ခြင်းတို့သည် လူမှုဆက်ဆံရေးပညာရပ်များဖြစ်သည်။ ရှေးဦးကာလကတည်းက အိမ်နီးချင်းနိုင်ငံများနှင့် လူမှုဆက်ဆံရေးကိစ္စရပ်များကို ထူထောင်ခဲ့ကြသည်။ ပြည်တွင်းညီနောင်အချင်းချင်းလည်း နွေးထွေးသောသံယောဇဉ်တည်ဆောက်ခဲ့ကြသည်။ ထိုမှ ပြည်ထောင်အချင်းချင်းဆက်ဆံရေး၊ ပြည်တွင်း အင်အားစည်းလုံးရေးတို့ကို တက်လှမ်းနိုင်ခဲ့သည်။ သမိုင်းအမွေအနှစ် မြတ်နိုးစရာများအဖြစ် ရှေးရှုနိုင်ခဲ့ကြသည်။ ထိုလုပ်ငန်းစဉ်တွင် ပန်တျာခရီးသွားများပါဝင်ခဲ့ကြသည်။ အမြဲမြေပေါ်တွင် နေထိုင်ကြသည့် ပန်တျာခရီးသည်တိုင်းသည် မြန်မာ့သုခုမ ပညာရပ်များကို မပျောက်ပျက်စေရန် ထိန်းသိမ်းပေးခဲ့ကြသည်။ ထိုမှမျှဝေ လက်ဆင့်ကမ်းပေးခဲ့ကြသည်။ သို့ကြောင့်ပင် မြန်မာ့ရိုးရာယဉ်ကျေးမှုများသည် ခက်လက်ဝေဖြာ စည်ပင်ထွန်းကားနေခဲ့ခြင်းဖြစ်သည်။

ဘိုးဘေးများ ပေးဝေခဲ့သည့် အနုပညာရပ်များကို ခေတ်ရောက်လူငယ်တို့ ဆက်လက်ထိန်းသိမ်းစေချင်သည့်ဆန္ဒဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးနေခြင်းဖြစ်သည်။ ပြိုင်ပွဲဝင် လူငယ်အနုပညာရှင်များ မျိုးစေ့မှန်၍ ရှင်သန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ရပါသည်။ ။

ကိုးကား -

၁။ မြန်မာ့ဓာတ်သဘင်သမိုင်း(မောင်သိန်းနိုင်)
၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)



ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးအတွက် အမေရိကန်ပြည်ထောင်စုထံမှ တုံ့ပြန်ချက်တစ်ရပ် ရရှိထား

တီဟီရန် အောက်တိုဘာ ၃

ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရေးအတွက် ၎င်းတို့၏ အဆိုပြုချက်နှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုထံမှ တုံ့ပြန်ချက်တစ်ရပ် ရရှိထားကြောင်း အီရန်အစိုးရက ယမန်နေ့တွင် ပြောကြားခဲ့သည်။

သို့သော် စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်သက်၍ နှစ်ဖက်စလုံးအကြား သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်သည့်အတွက် ညှိနှိုင်းဆွေးနွေးမှုများ၏ အလားအလာမှာ မရေမရာဖြစ်နေကြောင်း သိရသည်။

အီရန်ဘက်က ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရန်အတွက် ခုနစ်ရက်ကြာ အစီအစဉ်တစ်ခုကို တင်ပြထားသည်။ အမေရိကန်နှင့် အီရန်တို့မှ တာဝန်ရှိသူများသည် ကာတာနိုင်ငံမှ ကြားဝင်စေ့စပ်သူများ၏ အကူအညီဖြင့် သွယ်ဝိုက်ဆွေးနွေးမှုများကို ဆက်တိုက်ပြုလုပ်လျက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီး အာဘာတ်စ် အာရတ်ချီက အမေရိကန်၏ တုံ့ပြန်ချက်ကို သမ္မတ မာဆော့ပီဇက်ရှ်ကီယန်ထံ တင်ပြခဲ့ကြောင်း အီရန်သတင်းမီဒီယာများက ဖော်ပြကြသည်။

အဆိုပါတုံ့ပြန်ချက်တွင် အီရန်၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်သည့် လက်တွေ့ကျသော အဆင့်များအပါအဝင် ခွန်လက သဘောတူညီခဲ့ကြသည့် နားလည်မှုစာချွန်လွှာ (MoU) ၏ ပိုမိုကောင်းမွန်သော ပုံစံတစ်ခုဆီသို့ နှစ်ဖက်စလုံး ပြန်လည် ရောက်ရှိစေမည့်လုပ်ငန်းစဉ်ကို ဖော်ပြထားကြောင်း သိရသည်။

အင်နှံအိတ်ချ်ကေ

စက်မှုထိပ်သီးနိုင်ငံ ခုနစ်နိုင်ငံက ရေနံအရန်သိုလှောင်ပမာဏ စည်ပေါင်း သန်း ၁၀၀ ကို ထုတ်သုံးရန် သဘောတူညီ

အော့တဝါ အောက်တိုဘာ ၃

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စွမ်းအင်ဈေးနှုန်းများ မြင့်တက်နေချိန်တွင် စက်မှုထိပ်သီးနိုင်ငံ ခုနစ်နိုင်ငံ (ဂျီ ၇) က နိုင်ငံတကာစွမ်းအင်အေဂျင်စီ (IEA) မှတစ်ဆင့် ရေနံအရန်သိုလှောင်ပမာဏ စည်ပေါင်း သန်း ၁၀၀ ကို လေးလတာကာလအတွင်း ထုတ်သုံးရန် သဘောတူညီခဲ့ကြသည်။

ဂျီ ၇ ခေါင်းဆောင်များသည် အွန်လိုင်းမှတစ်ဆင့် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်စနစ်များ ပိုမိုအားကောင်းလာစေရန် အထက်ပါအတိုင်း ကတိကဝတ်ပြုထားကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

၎င်းတို့အနေဖြင့် ပထမဆုံး ရက် ၂၀ အတွင်း ဂျီ ၇ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများမှတစ်ဆင့် ဒီဇယ်လောင်စာဆီများကို ပမာဏအများအပြားဖြင့် စတင်ထုတ်သုံးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် စွမ်းအင်တင်ပို့မှုအပေါ် ကန့်သတ်ချက်များ မချမှတ်ရန် သဘောတူညီခဲ့ကြပြီး ဈေးကွက်အတွင်း တင်းမာမှုများကို ပိုမိုဆိုးရွားစေနိုင်သည့် လုပ်ရပ်များကို ရှောင်ကြဉ်ရန်လည်း ထုတ်လုပ်သည့် နိုင်ငံများအား ၎င်းတို့က တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတကာစွမ်းအင်အေဂျင်စီသည် ရေနံစည်ပေါင်း သန်း ၄၀၀ ကို ထုတ်သုံးရန် မတ်လကတည်းက သဘောတူညီထားခဲ့ပြီးဖြစ်ကာ ဂျီ ၇ ခေါင်းဆောင်များက ၎င်းတို့၏ အစီအစဉ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်စစ်ဆေးပေးရန် နိုင်ငံတကာစွမ်းအင်အေဂျင်စီကို တိုက်တွန်းထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါ ရေနံအရန်သိုလှောင်ပမာဏ ထုတ်သုံးခြင်းလုပ်ငန်းစဉ်ကို ချက်ချင်းစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယမန်နေ့က လူမှုကွန်ရက်၌ ရေးသားဖော်ပြခဲ့သည်။

အင်နှံအိတ်ချ်ကေ



အင်ဒိုနီးရှားအကျဉ်းထောင်တစ်ခုအတွင်းရှိ ဇိမ်ခံအဆောက်အအုံများပါဝင်သော ဧရိယာတစ်ခုကို ဖျက်ဆီးပစ်ခဲ့

ဂျကာတာ အောက်တိုဘာ ၃

အင်ဒိုနီးရှားအာဏာပိုင်များက အကျဉ်းထောင်တစ်ခုအတွင်း တွေ့ရှိခဲ့ရသည့် ဇိမ်ခံအဆောက်အအုံများပါဝင်သော ဧရိယာတစ်ခုကို ဖျက်ဆီးပစ်ရန် အမိန့်ပေးခဲ့သည်။

အထူးအခွင့်အရေးရရှိသူများအတွက် ပြုလုပ်ထားသော ဇိမ်ခံအဆောက်အအုံများရှိနေကြောင်း သတင်းထွက်ပေါ်လာပြီးနောက် ပြည်သူများ၏ ဝေဖန်ကန့်ကွက်မှုများ မြင့်တက်လာခဲ့ရာ အဆိုပါ နေရာကို ဖျက်ဆီးရန်အတွက် စက်ယန္တရားကြီးများကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဂျကာတာမြို့အနီးရှိဆီဘီနန် အကျဉ်းထောင်သို့ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ ပြည်သူ့တိုင်ကြားစာလက်ခံစိစစ်ရေးအဖွဲ့က ပြီးခဲ့သည့်အပတ်တွင် ကြိုတင်အသိပေးခြင်းမရှိဘဲ ဝင်ရောက်စစ်ဆေးမှုပြုလုပ်ခဲ့ကာ အကျဉ်းသားများ အသုံးပြုသည်ဟု ယူဆရသည့် အဆိုပါ ဇိမ်ခံအဆောက်အအုံများကို တွေ့ရှိခဲ့သည်။

စစ်ဆေးရေးအဖွဲ့ဝင်များက အဆိုပါအခန်းများထဲမှ တစ်ခန်းတွင် နေထိုင်နေသော အကျဉ်းသားတစ်ဦးနှင့် တွေ့ဆုံခဲ့ကြောင်း ပြောကြားခဲ့သော်လည်း



ထိုသို့အထူးအခွင့်အရေးရယူနေထိုင်သူများ မည်သူမည်ဝါဖြစ်သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ အဆိုပါအကျဉ်းထောင်တွင် အကြမ်းဖက်မှုကျူးလွန်သူများနှင့် အဂတိလိုက်စားမှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများအပါအဝင် အကျဉ်းသားများစွာ ရှိနေကြောင်း မီဒီယာများက ဖော်ပြကြသည်။

စစ်ဆေးရေးအဖွဲ့သည် အဆိုပါဧရိယာအတွင်း အိမ်အလုံးပေါင်း ၁၀ လုံးကျော်ကို တွေ့ရှိခဲ့ရပြီး အနီးအနားတွင် ဇိမ်ခံကားအများအပြား ရပ်ထားသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

အင်ဒိုနီးရှားလွှတ်တော်အမတ်များက အဆိုပါ နေရာသို့ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ၎င်းတို့အား အိပ်ခန်း၊ ဧည့်ခန်းနှင့် မီးဖိုချောင်များပါဝင်ပြီး လေအေးပေးစက်တပ်ဆင်ထားသော အခန်းများကို ပြသခဲ့သည်။

ထို့ပြင် ထိုဧရိယာအတွင်း၌ကျန်းမာရေးစင်တာနှင့် ဂေါက်သီးရိုက်လေ့ကျင့်ခန်းသုံး စက်ကိရိယာတို့ကိုလည်း တည်ဆောက်လျက်ရှိသည်။

စစ်ဆေးမှုပြုလုပ်ပြီးနောက် ဆီဘီနန် အကျဉ်းထောင်အတွင်းရှိ အဆိုပါဇိမ်ခံနေထိုင်မှုပုံစံများ အဆုံးသတ်သွားစေရန်အတွက် ဖျက်ဆီးရေးလုပ်ငန်းများကို စတင်လုပ်ဆောင်ခဲ့သည်။

အကျဉ်းထောင်ကို အဆင့်မြှင့်တင်ရာတွင် နိုင်ငံတော်ဘတ်ဂျက်ငွေကြေးကို အသုံးပြုထားခြင်းမရှိကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက သတင်းထောက်များအား ပြောကြားခဲ့သည်။

အဆိုပါ ဇိမ်ခံအိမ်များနှင့်ပတ်သက်၍ အကျဉ်းထောင်အကြီးအကဲအပါအဝင် အရာရှိ ငါးဦးကို တာဝန်မှ ရပ်ဆိုင်းထားကြောင်း သိရသည်။

အင်နှံအိတ်ချ်ကေ

အမေရိကန်ကာကွယ်ရေးဌာနက အရှေ့အလယ်ပိုင်းဒေသသို့ လေယာဉ်တင်သင်္ဘော်တစ်စင်း ထပ်မံစေလွှတ်ခဲ့

ဝါရှင်တန် အောက်တိုဘာ ၃

အမေရိကန်ကာကွယ်ရေးဌာနက အရှေ့အလယ်ပိုင်းဒေသသို့ လေယာဉ်တင်သင်္ဘော်တစ်စင်း ထပ်မံစေလွှတ်ခဲ့ကြောင်းနှင့် ယင်းလုပ်ရပ်ကြောင့် အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုအသစ်များ ပြုလုပ်လာနိုင်သည်ဟူသော ခန့်မှန်းပြောဆိုမှုများ ထွက်ပေါ်လာခဲ့ကြောင်း သည်ဝေါစထရိသတင်းစာက ဖော်ပြသည်။

နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော USS Theodore Roosevelt သည် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယေဂိုမြို့ရှိ ၎င်း၏ အခြေစိုက်စခန်းမှ ထွက်ခွာခဲ့ပြီး နိုဝင်ဘာလကုန်တွင် အရှေ့အလယ်ပိုင်းဒေသသို့ ရောက်ရှိမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းစာက ယမန်နေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ယင်းသို့ စေလွှတ်မှုကြောင့် ဒေသတွင်းသို့ စစ်သည်အင်အား ၉၀၀၀ မှ ၁၀၀၀၀ အထိ တိုးလာမည်ဖြစ်ကြောင်းလည်း သတင်းစာက ဆိုသည်။

USS George H.W. Bush နှင့် USS George Washington ဟူသော လေယာဉ်တင်သင်္ဘော်နှစ်စင်းမှာ အရှေ့အလယ်ပိုင်းဒေသ၌ ရှိနှင့်ပြီးဖြစ်သည်။ အကယ်၍ အဆိုပါ သင်္ဘော်နှစ်စင်း ဆက်လက်ရှိနေပါက ဧပြီလနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လေယာဉ်တင်သင်္ဘော် ဦးဆောင်သော တိုက်ခိုက်ရေးအုပ်စု သုံးခုကို ဒေသတွင်း၌ တပ်ဖြန့်ချထားခြင်း ဖြစ်လာမည်ဖြစ်သည်။

သို့သော် George Washington သင်္ဘော်သည် ဒေသတွင်းမှ ထွက်ခွာပြီး ဂျပန်နိုင်ငံရှိ ၎င်း၏အခြေစိုက်ဆိပ်ကမ်းဖြစ်သော ယိုကိုဆူကာသို့ ပြန်သွားဖွယ်ရှိကြောင်းလည်း အဆိုပါ သတင်းစာက ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်တို့ နှစ်နိုင်ငံသဘောတူညီချက်တစ်ရပ် ရရှိခြင်းမရှိပါက အမေရိကန်၏ ကြားဖြတ်ရွေးကောက်ပွဲများအပြီးတွင် အီရန်နိုင်ငံအပေါ် စစ်ရေးအရ တိုက်ခိုက်မှုများကို ပြန်လည်စတင်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြုလုပ်သည့် အင်တာဗျူးတစ်ခုခု၌ ပြောကြားခဲ့သည်။

လေယာဉ်တင်သင်္ဘော် ဦးဆောင်သော တိုက်ခိုက်ရေးအုပ်စု သုံးခုရှိနေခြင်းသည် တိုက်ခိုက်နိုင်စွမ်းကို ပိုမိုအားကောင်းစေမည်ဖြစ်သောကြောင့် သမ္မတထရမ့်အနေဖြင့် တိုက်ခိုက်မှုအသစ်များ ပြုလုပ်ရန် စဉ်းစားနေနိုင်ကြောင်း လေ့လာစောင့်ကြည့်သူများက သုံးသပ်ပြောကြားခဲ့သည်။

ဆင်ဟွာ

တောင်ကြီးမြို့၌ အထပ်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်မည်

တောင်ကြီး အောက်တိုဘာ ၃

ရှမ်းပြည်နယ် တောင်ကြီးမြို့လမ်းမတော်ရပ်ကွက် တပင်ရွေထီးလမ်း ဗိုလ်ချုပ်လမ်းနှင့် စပ်စပ်ထွန်းလမ်းကြား၌ အထပ်မြင့် ယာဉ်ရပ်နားစခန်း (Multi-Storey Parking Garage) တည်ဆောက်မည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

အထပ်မြင့် ယာဉ်ရပ်နားစခန်းတည်ဆောက်ရန် အတွက် ပန္နက်တင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါယာဉ်ရပ်နားစခန်းနေရာ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အတူ တက်ရောက်ပြီး သတ်မှတ်နေရာများတွင် ပန္နက်ရိုက်ပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုငွေများ ပေးအပ်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့် တက်ရောက် လာကြသူများက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

မြိတ်မြို့၌ သက်ကြီးပုဂ္ဂိုလ်များနေ့ကျင်းပ

မြိတ် အောက်တိုဘာ ၃

၂၀၂၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲကို မြိတ်မြို့ တောင်သာယာဘိုးဘွားရိပ်သာ အောင်ဘောဇနသုခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပသည်။

လူ့ဒါန်းပေးအပ်

ပူဇော်ပွဲတွင် မြိတ်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အသက်(၉၀)နှစ်နှင့်အထက်အတွက် ကန်တော့ငွေများကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ပေးအပ်ပြီး ကန်တော့ခံဘိုးဘွားများအား ကန်တော့ပစ္စည်းများနှင့် ကန်တော့ငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘိုးဘွားရိပ်သာမှ ကန်တော့ခံဘိုးဘွား ၆၄ ဦးအား အဝတ်အထည်များ၊ စားသောက်ဖွယ်ရာများ၊ ကန်တော့ငွေကျပ် ၅၀၀၀၀ စီနှင့် မြိတ်မြို့နယ်အတွင်းရှိ အသက်(၉၀)နှစ်နှင့်အထက် ဘိုးဘွား ၃၅၂ ဦးအား တစ်ဦးလျှင် ကန်တော့ငွေကျပ် ၅၀၀၀၀ စီကို တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်ကန်တော့ခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



ကြိုပင်ကောက်မြို့၌ ငရုတ်ကောင်းပျိုးပင်များ စုပေါင်းပျိုးထောင်ပွဲကျင်းပ

ကြိုပင်ကောက် အောက်တိုဘာ ၃

ပဲခူးတိုင်းဒေသကြီး ကြိုပင်ကောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် စိုက်ပျိုးရေးဦးစီးဌာနရုံးဝန်ထမ်းများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝန်ထမ်းများ စုပေါင်း၍ ငရုတ်ကောင်းပျိုးပင်များ ပျိုးထောင်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ငရုတ်ကောင်းပျိုးပင်များ စုပေါင်းပျိုးထောင်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တက်ရောက်အားပေးခဲ့ပြီး မြို့နယ်အတွင်း ငါးဇက တိုးချဲ့စိုက်ပျိုးသွားရန် ပျိုးပင် ပေါင်း ၁၅၀၀၀ ပျိုးထောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



မကွေးမြို့နယ်၌ စွမ်းအားမြင့်အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေ

မကွေး အောက်တိုဘာ ၃

မကွေးမြို့နယ်တွင် ထင်းအစား လောင်စာတိုးမြှင့်သုံးစွဲရေး အသိပညာပေးဟောပြောပွဲနှင့်စွမ်းအားမြင့်အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ကန်သာလေးကျေးရွာ ရွာဦးကျောင်းတိုက်၌ ပြုလုပ်သည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက သစ်တောသစ်ပင်များ၏ အရေးပါပုံနှင့် ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေး အသိပညာပေးဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ဗီနိုင်းပိုစတာများဖြင့် ပြသရှင်းလင်းခြင်း၊ မီးဖို နှိုင်းယှဉ်ချက်ပြုတ်ပြသပြီး ကျေးရွာအတွင်း အိမ်ထောင်စု ၃၂၀ အတွက် စွမ်းအားမြင့်အေဝမ်းမီးဖိုများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





ငါန်းဇွန်မြို့၌ ကတ္တရာထပ်ပိုးလှာခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

ငါန်းဇွန် အောက်တိုဘာ ၃

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် အမှတ်(၁)ရပ်ကွက် အမှတ်(၆)လမ်း ကတ္တရာထပ်ပိုးလှာခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါကတ္တရာလမ်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း ဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီခေတ္တဥက္ကဋ္ဌ ဦးစောခန္တီရိန်းနှင့် အဖွဲ့ဝင် ဦးကိုကို၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသိန်းဇော်ထွန်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

သက်နောင်ဦး(ငါန်းဇွန်)

လှိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက် အမှုဆောင်သစ်ရွေးချယ်

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၄-၂၀၂၅၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ယမန်နေ့က မြို့နယ်သမဝါယမ ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ လှိုင်မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိက အသင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က သမဝါယမ အသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ အသင်းသား စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားအတည်ပြုချက်ရယူကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့သစ်များ ရွေးချယ်တင်မြှောက်ပြီး တာဝန်ခွဲဝေခြင်းနှင့် ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်ကြကာ အသင်းဝင် အခြေခံသမဝါယမအသင်းများကို အစုပေါ်အမြတ်နှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်နိုင်(ပြန်/ဆက်)

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်ပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ	လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။	မန္တလေးလိပ်စာ
အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။		ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။





ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ ပဲခူးမြို့သို့ လေ့လာရေးခရီး သွားရောက်

နေပြည်တော် အောက်တိုဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူ ၂၆၇ ဦးသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ကမ္ဘာဓေသဒီနန်းတော်သို့ သွားရောက်လေ့လာကြသည်။

ထိုပြင် ပဲခူးမြို့ရှိ ရွှေမော်ဓောဓေတီ၊ ရွှေသာလျောင်းဓေတီနှင့် မဟာဓေတီတို့ကို သွားရောက်ဖူးမြော်လေ့လာကြပြီး အလှူငွေများ လှူဒါန်းကြသည်။

အဆိုပါ လေ့လာရေးခရီးစဉ်ကို ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အေးချမ်းသာယာမှုကို လက်တွေ့သိရှိပြီး နိုင်ငံ့တာဝန်များကို ကျရာအခန်းကဏ္ဍက တာဝန်ထမ်းဆောင်သည့်အခါ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား သိရှိစေရေး ပြန်လည်မျှဝေနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားပြတိုက်(ရန်ကုန်)သို့ ဒေါ်ပုံမြို့နယ် အထက(၁)မှ ကျောင်းသား ကျောင်းသူများ လေ့လာရေးသွားရောက်

ရန်ကုန် အောက်တိုဘာ ၃

ဗိုလ်တထောင်ခရိုင် ဒေါ်ပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဆရာမများ ဦးဆောင်၍ ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်)သို့ လေ့လာရေး သွားရောက်ခဲ့ကြသည်။

ထိုကဲ့သို့ သွားရောက်လေ့လာရာတွင် ကျောင်းသား ကျောင်းသူများသည် အမျိုးသားပြတိုက် (ရန်ကုန်)ရှိ သိဟာသနပလ္လင် ပြခန်း၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ ရတနာပုံခေတ် ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရေးဟောင်း အဆင်တန်ဆာရတနာပြခန်း၊ မြန်မာ့ပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံ နိုင်ငံများအကြောင်း ပြခန်းနှင့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများအား ကြည့်ရှုလေ့လာခဲ့ကြသည်။

အမျိုးသားပြတိုက်(ရန်ကုန်)တွင် အထပ်ပေါင်း ငါးထပ်ရှိပြီး ပြခန်းပေါင်း ၁၃ ခန်းရှိရာ ပြည်သူအများ လေ့လာကြည့်ရှုနိုင်ရန် အတွက် တနလ်ာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲ အထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)



တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ်ရှင်သန် ထက်မြက်လာစေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့်တပ်မတော်၏ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့မှု အခြေအနေများကို လေ့လာသိရှိနိုင်စေရန်၊ မျက်မှောက်ကာလတွင် ဖွဲ့စည်းထားရှိသည့် တပ်မတော်လက်ရုံးတပ်ဖွဲ့အသီးသီး၏ သမိုင်းကြောင်း လုပ်ငန်းတာဝန်နှင့် စွမ်းဆောင်နိုင်ခဲ့မှုများ သိရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက် လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအလယ်တန်းကျောင်း (ရတနာဒီပ)နှင့် အဝါရောင် မျိုးဆက်သစ် မိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်း(YGW)၊ ဓမ္မာသီရိမြို့နယ်ရှိ ကိုယ်ပိုင် အထက်တန်းကျောင်း(N.E.G) တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက် လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြကာ အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။ ထို့နောက် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်း ရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မှန့်များ ပေးဝေကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများ အကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည် ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများအတွက် ယနေ့ လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

သတင်းစဉ်

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၏ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ဆန်စပါးအခြေခံထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရောင်းချရေး လုပ်ငန်းစီမံချက် (၂၀၂၆-၂၀၃၀) စာတမ်းကောက်နုတ်ချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် ပဉ္စလိကကဏ္ဍတို့၏ ကိုယ်စား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၅ နှစ်စီမံကိန်းတစ်ခုကို အဆိုပြုတင်ပြအပ်ပါသည်။

ဤစီမံကိန်းသည် စပါးမျိုးစေ့ထုတ်လုပ်ခြင်း၊ စပါးစိုက်ပျိုးခြင်းတို့မှသည် ကုန်ချောထုတ်လုပ်ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်းနှင့် ပို့ကုန်တင်ပို့ခြင်းအထိ ဆန်စပါးလုပ်ငန်း ကွင်းဆက်အားလုံးပါဝင်မည်ဖြစ်ပါသည်။

စီမံကိန်း၏ရည်ရွယ်ချက်မှာ စိုက်ပျိုးရေး ထွက်ကုန်များကို အကျိုးရှိစွာအသုံးပြုပြီး နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စက်မှုကဏ္ဍတစ်ခုတည်ဆောက်လျက် တောင်သူများ၏ လူနေမှုဘဝကို မြှင့်တင်ရန်ဖြစ်ပါသည်။

အဆိုပါ စိုက်ပျိုးရေးကဏ္ဍကွင်းဆက်တစ်လျှောက် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပဉ္စလိကလုပ်ငန်းများက ဦးဆောင်ရမည်ဖြစ်ပြီး မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများတွင် အစိုးရ၏မူဝါဒများ၊ အစိုးရ-ပဉ္စလိက ပူးပေါင်းဆောင်ရွက်မှုများ (PPPs) ဖြင့် ပံ့ပိုးကူညီပေးရမည်ဖြစ်ပါသည်။

ရည်မှန်းချက်များနှင့် ၂၀၃၀ ပို့ကုန်လျာထားချက်

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် လေးသန်း တင်ပို့နိုင်ရန်နှင့် တစ်ဆက်တည်း မှာပင် လယ်ယာထုတ်လုပ်မှုစွမ်းအားနှင့် တောင်သူများ၏ အသားတင်ဝင်ငွေကို ပိုမိုမြင့်မားလာစေရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အရည်အသွေးမြင့်ဆန်များ၊ ဆန်နှင့် ဆန်ကွဲမှ ထုတ်လုပ်ထားသော အစားအစာများ (Value added)၊ ဖွဲနှံ၊ စားသုံးဆီ၊ အခြားသောထွက်ပစ္စည်းမှ စွမ်းအင်ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီး လယ်ယာကဏ္ဍ ထုတ်ကုန်များ တန်ဖိုးနှင့် ပမာဏကို တိုးတက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် ၂၀၂၆ ခုနှစ်၏ အခြေခံစံနှုန်းများ (Baseline) နှင့် ထုတ်လုပ်မှုနှုန်း၊ ထုတ်လုပ်မှုစရိတ်၊ ရိတ်သိမ်းချိန်လွှဲ ဆုံးရှုံးမှုများနှင့် ပို့ကုန်ဝင်ငွေများ အတွက် နှစ်စဉ်လျာထားချက်များကို အတည်ပြုသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်တွင်းဖြည့်လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရေးနှင့် သက်သာသောဈေးနှုန်းဖြင့် ဆန်ရရှိရေးတို့သည်လည်း ဤစီမံကိန်း၏ အဓိကသော့ချက်အဖြစ် တည်ရှိနေပါသည်။

ပြည်ပပို့ကုန် ဆန်စပါးစိုက်ပျိုးရေးဇုန်များ

ပြည်ပပို့ကုန် ဆန် စပါးစိုက်ပျိုးရေးဇုန်များ (REZ) သည် တောင်သူများ၊ စက်ပိုင်များနှင့် ပို့ကုန်လုပ်ငန်းရှင်များ သဘောတူညီသတ်မှတ်ထားသော စပါးမျိုးများ၊ စိုက်ပျိုးရေးနည်းပညာများနှင့် အရည်အသွေးလိုအပ်ချက်များအတိုင်း ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပါဝင်ဆောင်ရွက်သည့် ကုမ္ပဏီများသည် အာမခံချက်ရှိသော မျိုးစေ့များ၊ ရာသီအလိုက် ချေးငွေများ၊ စက်ကိရိယာ ဝန်ဆောင်မှုများနှင့် ခိုင်မာသော သီးနှံဝယ်ယူမှုဆိုင်ရာ စာချုပ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စိုက်ပျိုးဧရိယာ၊ သီးနှံဖြစ်ထွန်းမှုနှင့် ရိတ်သိမ်းချိန် စသည်တို့ကို ခန့်မှန်းရာတွင် ဂြိုဟ်တုနည်းပညာဖြင့် စောင့်ကြည့်ခြင်း (Satellite monitoring) နှင့် AI အကူအညီသုံး အစီရင်ခံစာများကို အသုံးပြုပြီး မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဖြင့် အတည်ပြုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ပါဝင်သည့်စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူအစုအဖွဲ့များကို ညှိနှိုင်းပေးရမည်ဖြစ်ပြီး အစိုးရနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ထားရှိသည့် တာဝန်ရှိသူများက တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကို ကူညီပံ့ပိုးပေးခြင်းဖြင့် ထုတ်လုပ်မှု တိုးတက်လာခြင်းမှတစ်ဆင့် တောင်သူများ၏ ဝင်ငွေများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ပြည်တွင်း အရည်အသွေးမြင့် မျိုးစေ့ထုတ်လုပ်ခြင်း

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်ကိုက်ညီပြီး နိုင်ငံတကာတွင် စံချိန်စံညွှန်း အသိအမှတ်ပြုထားသော မျိုးကွဲများနှင့် မျိုးဗီဇများကိုအသုံးပြု၍ အရည်အသွေးမြင့်၊ အထွက်နှုန်းကောင်း မျိုးစေ့များကို ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်သင့်ပါသည်။ မျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့်၊ ဖြန့်ဖြူးခြင်းမပြမီ အထွက်နှုန်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိမှု၊ စပါးအရည်အသွေး၊ ဆန်အရည်အသွေးနှင့် ဝယ်ယူသူများ ကြိုက်နှစ်သက်မှုတို့ကို ဒေသတွင်း စမ်းသပ်စိုက်ပျိုးမှုများဖြင့် ဆန်းစစ်ရမည်ဖြစ်ပါသည်။

အစိုးရသုတေသနအဖွဲ့အစည်းများက မျိုးသန့် မျိုးစေ့နှင့် မိဘမျိုးစေ့များ (Breeder & Foundation Seed) ထောက်ပံ့မှုနှင့် အသိအမှတ်ပြုခြင်းတို့ကို အားကောင်းအောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပဉ္စလိကကဏ္ဍ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မျိုးစေ့ထုတ် တောင်သူလယ်သမားအစုအဖွဲ့များက စံချိန်မီ မျိုးစေ့များကို တိုးပွားထုတ်လုပ်ဖြန့်ဖြူးပေးရမည်ဖြစ်ပါသည်။ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မျိုးစေ့လုပ်ငန်းများတွင် သုတေသနဆောင်ရွက်ခြင်းနှင့် ထုတ်လုပ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ပါသည်။

ပေါ်ဆန်းစပါး မျိုးသန့်စင်မှုနှင့် အခြားအဆင့်မြင့် မြန်မာ့စပါးမျိုးများကိုလည်း ဤစီမံကိန်းတစ်လျှောက်လုံး မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးနိုင်ရေးနှင့် မျိုးထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

လယ်ယာမြေပြင်ခြင်းနှင့် စဉ်ဆက်မပြတ် တည်ငြိမ်သည့်စိုက်ပျိုးရေး

ပြည်ပပို့ကုန်ဆန်စပါးစိုက်ပျိုးရေးဇုန်များ(REZ) ဖွံ့ဖြိုးတိုးတက်ရေးတွင် တောင်သူများ၏ ဆန္ဒအလျောက် မြေကွက်များ ပေါင်းစည်းခြင်း သို့မဟုတ် အနီးစပ်ဆုံးလယ်ကွက်များအား စနစ်တကျပူးပေါင်း စိုက်ပျိုးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး တောင်သူများ ပါဝင်ဆောင်ရွက်မှုနှင့် ဥပဒေကြောင်းအရ လယ်ယာမြေအကျိုးခံစားခွင့်များကို အကာအကွယ်ပေးရမည် ဖြစ်ပါသည်။

မြေပြင်ညီညာအောင် ပြုလုပ်ခြင်း၊ လယ်ယာကုန်ထုတ်လမ်းများပြုပြင်ခြင်း၊ ကန်သင်းများ အဆင့်မြှင့်တင်ခြင်း၊ ရေသွင်း/ရေထုတ်စနစ်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ လယ်ယာသုံး စက်ကိရိယာများကို အကျိုးရှိစွာသုံးစွဲနိုင်စေရန်နှင့် ရေထိန်းချုပ်မှုကို ပိုမိုကောင်းမွန်စေရန် ထောက်ပံ့ပေးမည်ဖြစ်သည်။ မြေညီညာပြီး ရေပေးဝေမှုသေချာစွာရရှိနိုင်သည့် နေရာများတွင် "စိုလိုက် ခြောက်လိုက် ရေသွင်းစနစ်" (AWD) ကို တောင်သူများအား သင်တန်းပေးခြင်း၊ သီးနှံအဆင့်လိုက် လမ်းညွှန်မှုများ ပေးခြင်းဖြင့် တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အစိုးရနှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် ရေသွင်း၊ ရေထုတ်ခြောင်းများ/ ရေပေးဝေမှု အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးရမည်ဖြစ်ပြီး တောင်သူများနှင့် ကုမ္ပဏီများက မြေဆီလွှာစစ်ဆေးခြင်း၊ ဓာတ်မြေဩဇာ မျှတစွာ သုံးစွဲခြင်းနှင့် ပိုးမွှားကာကွယ်နှိမ်နင်းခြင်း (IPM) စသည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ဆန်စက်များ ခေတ်မီဆန်းသစ်ခြင်း

သီးနှံများအထွက်နှုန်းနှင့် အရည်အသွေး အကောင်းဆုံးရရှိနိုင်သည့်အချိန်တွင် အချိန်ကိုက် ရိတ်သိမ်းခြင်း၊ စနစ်တကျ သယ်ယူပို့ဆောင်ခြင်းနှင့် စက်ကိရိယာသုံး အခြောက်ခံခြင်းတို့သည် လေလွှင့် ပြုန်းတီးမှုကို လျော့ချပေးပြီး စပါး၏အရည်အသွေးကို ထိန်းသိမ်းပေးမည်ဖြစ်သည်။

ပဉ္စလိက ရင်းနှီးမြှုပ်နှံသူများသည် စပါး/ ဆန်များ လေလွှင့်ဆုံးရှုံးမှုမရှိစေရေး၊ စပါး/ဆန်အဆင့် အတန်း ခွဲခြားရေး၊ အစားအသောက်ဘေးကင်းရေးနှင့် စွမ်းအင်အကျိုးရှိစွာ သုံးစွဲနိုင်ရေးတို့အတွက် အဓိကအကာပါသော ဂိုဒေါင်များနှင့် သင့်တော်သော စပါး/ဆန်သိုလှောင်ရုံ (Silos) များကို အသုံးပြု သိုလှောင်၍ ဆန်စက်များကို အဆင့်မြှင့်တင်ရမည် ဖြစ်ပါသည်။ မျိုးကွဲများနှင့် အရည်အသွေးအဆင့် အတန်းအလိုက် သီးခြားစီ စီမံကိုင်တွယ်ခြင်းကို သိုလှောင်ချိန်နှင့် ပြုပြင်ထုတ်လုပ်ချိန်များတွင် စနစ်တကျ ဆက်လက်ဆောင်ရွက်ရမည်။

နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သည့် အဖွဲ့အစည်းတို့သည် အများသုံး အဆောက်အအုံများ၊ နည်းပညာသင်တန်းများနှင့် လိုအပ်သော အခြေခံအဆောက်အအုံများကို ပံ့ပိုးပေးရမည်ဖြစ်သည်။ ပြည်တွင်း၌ စက်ကိရိယာများ တပ်ဆင်ခြင်း၊ အပိုပစ္စည်းများ ထောက်ပံ့ခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေးကျွမ်းကျင်မှုများသည် လုပ်ငန်းများ၏ စက်ကိရိယာများကို စိတ်ချရပြီး စေ့ကင်းစွာ လည်ပတ်နိုင်စေရန် ကူညီပေးမည်ဖြစ်သည်။

Myanmar Rice Online မှတစ်ဆင့် ဒီဂျစ်တယ်စနစ်ဖြင့် မှတ်ပုံတင်ခြင်း

Myanmar Rice Online (MyRO) စနစ်သည် ဆန်စက်များ၊ ဆန်နှင့် စပါးဂိုဒေါင်များ၏ အချက်အလက်များ၊ ပစ္စည်းအဝင်အထွက်စာရင်းများနှင့် လက်ကျန်စာရင်းများကို တိကျစွာဖြင့် အွန်လိုင်းမှ တစ်ဆင့် အတည်ပြုမှတ်ပုံတင်နိုင်ရေး ပံ့ပိုးပေးရမည် ဖြစ်သည်။ အစိုးရနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့သည် အစီရင်ခံတင်ပြမှုများကို လွယ်ကူရှင်းလင်းအောင် ပြုလုပ်ပေးရမည်ဖြစ်ပြီး စီးပွားရေး လုပ်ငန်းများ၏ မှတ်ပုံတင်ခြင်းကို ကူညီပေးကာ အရေးကြီးသော စီးပွားရေးဆိုင်ရာ အချက်အလက်များကို အကာအကွယ်ပေးရမည်ဖြစ်သည်။

အဆိုပါ MyRO မှစာရင်းဇယားများသည် ဆန်/ စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ၏ စီမံကိန်းရေးဆွဲခြင်း၊ စီစစ်စိစစ်နိုင်ခြင်း (Traceability) နှင့် ဘဏ္ဍာရေးဆိုင်ရာ ဆန်းစစ်ချက်များကို ပိုမိုလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ MyRO တွင် မှတ်ပုံတင်ခြင်းသည် ဆန်/စပါးလုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများ လုပ်ကိုင်သူများအနေဖြင့် ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုများကို လွယ်ကူစွာ ရယူနိုင်မည်ဖြစ်သော်လည်း အချိန်ကိုက်၊ တိကျသော အချက်အလက်များနှင့် မိမိတို့ထုတ်ကုန်၏ အရည်အသွေးအတွက် မှတ်တမ်းပြုစုတင်ပြရန် တာဝန်ရှိမည်ဖြစ်ပါသည်။

အရည်အသွေးမြင့် အမှတ်တံဆိပ် ဖန်တီးခြင်းနှင့် ပြည်တွင်းဖြန့်ဖြူးခြင်း

ဆန်/စပါးလုပ်ငန်းတွင် ပါဝင်သည့် စီးပွားရေး လုပ်ငန်းများသည် စပါး/ဆန် ဝယ်ယူခြင်းမှစ၍ လက်လီရောင်းချခြင်းအထိ တစ်သမတ်တည်းရှိသော ဆန်/စပါး အဆင့်အတန်းခွဲခြားခြင်း၊ အစား အသောက် ဘေးကင်းရေးထိန်းချုပ်ခြင်းနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ် စုံစမ်းနိုင်ခြင်း (Lot traceability) တို့ကို ဆောင်ရွက်နိုင်ရန် တိကျသော မူရင်းဒေသနှင့် ထုတ်ကုန်အည္ဆန်းအမှတ်အသားများဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် အရည်အသွေး စံချိန်စံညွှန်းများကို ညှိနှိုင်းပေးရမည် ဖြစ်ပြီး သင့်တော်သော ဒေသဆိုင်ရာ အည္ဆန်းအမှတ်အသား (Geographical Indication) အကာအကွယ် ပေးခြင်းနှင့် စံမီထုပ်ပိုးမှုများပါဝင်သည့် ပေါ်ဆန်းနှင့် ဒေသတွင်း ဆန်အမှတ်တံဆိပ်များကို မြှင့်တင်ပေးရမည်ဖြစ်သည်။ လိမ်လည်ရောနှောရောင်းချခြင်းများကို တားဆီးရမည်ဖြစ်ပြီး ခွင့်ပြုထားသော ရောနှောဆန်များတွင် ကျင့်ဝတ်နှင့်ကိုက်ညီ၍ ရှင်းလင်းပြီး တာဝန်ယူမှုရှိသော အမှတ်အသားများကို တပ်ဆင်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် စားသုံးသူအကာအကွယ် ပေးရေးနှင့် မျှတသော ဈေးကွက်ကျင့်သုံးမှုများကို အားကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော လက်ကား၊ လက်လီနှင့် ဒီဂျစ်တယ် ဖြန့်ဖြူးရေးစနစ်များသည် ပြည်တွင်း၌ သက်သာသောဈေးနှုန်းဖြင့် ဆန်ကိုစိတ်ချစွာ ဝယ်ယူရရှိနိုင်မှုကိုထိန်းသိမ်းလျက် အရည်အသွေးမြင့် ထုတ်ကုန်များကို ရောင်းချပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဖွဲနုဆီနှင့် ဆီထုတ်ပြီးဖွဲ

ဖွဲနုသည် စားသုံးဆီထုတ်လုပ်မှုအတွက် ယုံကြည်စိတ်ချရသော ကုန်ကြမ်းဖြစ်လာမည်ဖြစ်ပြီး ဆီထုတ်ပြီးဖွဲ (Defatted rice bran) မှတစ်ဆင့် တန်ဖိုးပိုမိုထွက်ရှိသည့် အရင်းအမြစ်ဖြစ်လာမည်ဖြစ်သည်။ စက်ပိုင်များနှင့် ထုတ်လုပ်သူများသည် ကုန်ကြမ်းထောက်ပံ့ရေး စာချုပ်များချုပ်ဆိုရမည်ဖြစ်ပြီး ဆီမထုတ်မီဖွဲသစ်များ၏ အရည်အသွေးမျက်စိစေရန် အချိန်ကိုက်သိမ်းဆည်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်။

ဆီထုတ်ယူခြင်းနှင့် သန့်စင်ခြင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် စိတ်ချရသော ကုန်ကြမ်းပမာဏနှင့် အတည်ပြုထားသော ဈေးကွက်များအပေါ် အခြေခံရမည်ဖြစ်ပါသည်။ ဆီထုတ်ပြီးဖွဲသည် စနစ်တကျဖော်စပ်ထားသော မွေးမြူရေးနှင့် ရေလုပ်ငန်းအစာများတွင် အသုံးပြုနိုင်သည့် စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်သည်။ နိုင်ငံတော်နှင့် အစိုးရ-ပဉ္စလိက ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများသည် အခြေခံအဆောက်အအုံများ၊ ဓာတ်ခွဲစမ်းသပ်မှုများနှင့် နည်းပညာများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

ဆန်အခြေခံ အစားအစာများနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

ထုတ်လုပ်သူများသည် ပြည်တွင်းစားသုံးသူများနှင့် ပြည်ပဝယ်ယူသူများအတွက် ဆန်မှုန့်၊ မုန့်ဖတ်၊ ခေါက်ဆွဲ၊ ကြာဆံနှင့် အခြားစီးပွားရေးအရတွက်ခြေကိုက်သော ဆန်အခြေခံထုတ်ကုန်များကို တိုးချဲ့ထုတ်လုပ်ရမည်ဖြစ်ပါသည်။ အစားအသောက် ဘေးကင်းရေးနှင့် ထုတ်ကုန်စံချိန်စံညွှန်းများနှင့် ကိုက်ညီသော ဆန်နှင့်ဆန်ကွဲများကို စက်မှုလုပ်ငန်းများသို့ ထောက်ပံ့ပေးနိုင်ပါသည်။

အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) သည် သန့်ရှင်းသော ပြုပြင်ထုတ်လုပ်မှု စက်ကိရိယာများ၊ ထုပ်ပိုးမှုနည်းပညာများ၊ ထုတ်ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖြန့်ဖြူးရေး မိတ်ဖက်များကို ရရှိရန် လိုအပ်ပါသည်။ အစိုးရ၏ ပံ့ပိုးမှုနှင့် အစိုးရ-ပဉ္စလိကပူးပေါင်းဖွင့်လှစ်သော **စာမျက်နှာ ၁၇ သို့**

❁ စာမျက်နှာ ၁၆ မှ

ဓာတ်ခွဲခန်းများ သို့မဟုတ် အများသုံး အဆောက်အအုံများသည် ကုမ္ပဏီများအား ထုတ်ကုန်များကို စမ်းသပ်ရန်နှင့် သက်တမ်းပို့ဆိုကြာရှည်ခံအောင် ဆောင်ရွက်ရန် ကူညီပေးနိုင်ပြီး ပုဂ္ဂလိကလုပ်ငန်းများသည် စားသုံးသူလိုအပ်ချက်နှင့်ကိုက်ညီသော ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

ဇီဝမီးသွေး (Biochar) နှင့် လျှပ်စစ်ဓာတ်အားအတွက် စပါးခွံ

စပါးခွံများကို ရရှိနိုင်သော ပမာဏနှင့် ဒေသတွင်း လိုအပ်ချက်ပေါ်မူတည်၍ ဇီဝမီးသွေးနှင့် စွမ်းအင်ရင်းနှီးမြှုပ်နှံမှုများတွင် အသုံးပြုရမည်။ အသေးစား လျှပ်စစ်ဓာတ်အားစနစ်များသည် တစ်သီးပုဂ္ဂလဆန်စက်များ သို့မဟုတ် အနီးနားရှိ သုံးစွဲသူများကို ဝန်ဆောင်မှုပေးနိုင်ပြီး အလတ်စား စီမံကိန်းများသည် ဆန်ကြိတ်ခြင်းနှင့် အခြောက်ခံခြင်းတို့အတွက် အပူနှင့် လျှပ်စစ်ဓာတ်အားကို တွဲဖက်ထုတ်လုပ်နိုင်ပါသည်။ အကြီးစားစီမံကိန်းများအတွက် ဆန်စက်အမြောက်အမြားထံမှ စိတ်ချရသော စပါးခွံရရှိမှုနှင့် ခိုင်မာသော လျှပ်စစ်ဝယ်ယူသူများ လိုအပ်ပါသည်။

ဇီဝမီးသွေးထုတ်လုပ်မှုသည် စနစ်တကျ ပြုပြင်ထုတ်လုပ်မှု၊ အရည်အသွေးစမ်းသပ်မှုနှင့် ဒေသတွင်း မြေဆီလွှာစမ်းသပ်မှုများ လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ရှင်းလင်းသော လျှပ်စစ်ဓာတ်အားဆိုင်ရာ စီမံဆောင်ရွက်မှုများကို ပံ့ပိုးပေးရမည်ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်သူများသည် ကုန်ကြမ်းရရှိရေး၊ ဝန်ထမ်းများကို သင်တန်းပေးရေးနှင့် ဓာတ်ငွေ့ထုတ်လွှတ်မှု ထိန်းချုပ်ရေးတို့ကိုဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းရေးဆွဲရာတွင် ပြိုင်ဆိုင်မှုရှိသော အသုံးပြုမှုများကြား စပါးခွံပမာဏကို စာရင်းနှစ်ထပ်ထပ်တွက်မိခြင်း (Double-counting) မှရှောင်ရှားရန် တိကျသေချာစွာ တွက်ချက်ရမည်ဖြစ်ပါသည်။

စွန့်ပစ်စွည်းများပြန်လည်အသုံးပြုသည့် ဆန်စပါး စီးပွားရေးစနစ်

စွန့်ပစ်စွည်းများ ပြန်လည်အသုံးပြုသည့် ဆန်စပါးစီးပွားရေးစနစ်သည် ဆုံးရှုံးမှုများကို တားဆီးခြင်းနှင့် သင့်တော်သော ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်းတို့ဖြင့် ဆန်စပါးကဏ္ဍကို စွန့်ပစ်ပစ္စည်း လုံးဝမရှိစေသည့် (Zero Waste) ဦးတည်ချက်သို့ သွားစေမည်ဖြစ်သည်။ ဖွဲနှသည် စားသုံးဆီနှင့် အစာပါဝင်ပစ္စည်းများကို ထောက်ပံ့ပေးနိုင်သည်။ ဆန်ကွဲသည် အစာအသောက် ပြုပြင်ထုတ်လုပ်မှုကို အထောက်အကူပြုနိုင်သည်။ စပါးခွံသည် ဇီဝမီးသွေး သို့မဟုတ် စွမ်းအင်ကို ရရှိစေသည်။ စနစ်တကျ ပြုပြင်ထားသော သင့်တော်သည့် ဇီဝစွန့်ပစ်ပစ္စည်းများသည် သဘာဝမြေဩဇာ ဖြစ်လာစေရန် ကူညီပေးနိုင်သည်။

လုပ်ငန်းများမှ ပြန်လည်ရရှိသော ပစ္စည်းများကို တိုင်းတာရမည်ဖြစ်ပြီး ကျန်ရှိသော စွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာစီမံခန့်ခွဲရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းစဉ်အတွင်း ပါဝင်ပတ်သက်သူများစုပေါင်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဆန်စပါးအခြေပြု စိုက်ပျိုးရေးနှင့် စက်မှုကွန်ရက်များ

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် တည်ရှိသော ဆန်စက်များသည် ဆန်ကြိတ်ခွဲခြင်းကို ဖွဲနှဆီနှင့် အခြားစားသုံးဆီများ၊ တိရစ္ဆာန်အစာ၊ သဘာဝမြေဩဇာ၊ ဆန်မှုန့်၊ ပြောင်းဖူးမှုန့်၊ ပဲပြုပြင် ထုတ်လုပ်ခြင်း၊ ဆန်ခေါက်ဆွဲနှင့် ကြာဆံထုတ်လုပ်ခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း ကုန်ကြမ်းထောက်ပံ့မှုနှင့် လိုအပ်ချက်ကို အထောက်အပံ့ဖြစ်မည် ဖြစ်ပါသည်။ လုပ်ငန်းရှင်များ စုပေါင်းသုံးစွဲမည့်သိုလှောင်ရုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဓာတ်ခွဲခန်းများနှင့် ဖြန့်ဖြူးရေးစနစ်များသည် ပြုပြင်ထုတ်လုပ်သူများကို တောင်သူများ၊ ဝယ်ယူသူများနှင့် ချိတ်ဆက်ပေးနိုင်သည်။

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများသည် လုပ်ငန်းဆောင်ရွက်မှုများကို ဦးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများမှ အခြေခံအဆောက်အအုံများ၏ ကူညီပံ့ပိုးမှုဖြင့် သင့်တော်သော ဘေးထွက်ပစ္စည်းများက တိရစ္ဆာန်အစာကို ထောက်ပံ့ပေးကာ စနစ်တကျပြုပြင်ထားသော စွန့်ပစ်ပစ္စည်းများက သဘာဝမြေဩဇာဖြစ်လာအောင် ကူညီပေးရမည် ဖြစ်ပါသည်။

ပို့ကုန်မြှင့်တင်ရေးနှင့် စိတ်ချရသော တင်ပို့ဖြန့်ဖြူးမှု

ပို့ကုန်လုပ်ငန်းရှင်များသည် အဆင့်မြင့်ဆန်၊ ဆန်မွှေး၊ ပေါင်းဆန်နှင့် ထုပ်ပိုးပြီးဆန်တို့အတွက် ဝယ်ယူသူများကို စုံလင်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပြီး အရည်အသွေးနှင့် စိတ်ချရသော စာချုပ်များကိုထိန်းသိမ်းကာ ကုန်သွယ်ရေးနှင့်ဘဏ္ဍာရေးကို အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဖြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် စီးပွားရေး မြှင့်တင်မှုများနှင့် ဈေးကွက်သတင်းအချက်အလက်များကို ညှိနှိုင်းပေးရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် ဈေးကွက်ဝင်ရောက်နိုင်မှု၊ အချိန်နှင့် တစ်ပြေးညီ လိုအပ်သော အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှု၊ ဆိပ်ကမ်းများနှင့် ခန့်မှန်းရလွယ်ကူသော ပို့ကုန်နှင့် နိုင်ငံခြားငွေလဲလှယ်ရေးမူဝါဒများကို ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

နှစ်စဉ် ပို့ကုန်ရည်မှန်းချက်များသည် ပြည်တွင်း စားသုံးမှုဖူလုံစေရေးနှင့် လက်ကျန်စာရင်းများကို ထိခိုက်မှုမရှိစေရန် လိုအပ်ပါသည်။ ပို့ကုန်ဝင်ငွေများကို ဆန်နှင့် ဆန်ကွဲတန်ချိန်တို့နှင့် အတူ စောင့်ကြည့်စစ်ဆေးရမည်ဖြစ်ပြီး ဆန်/ဆန်ကွဲအခြေခံထားသော အစားအစာများနှင့် ဘေးထွက်ထွက်ကုန်များကို သီးခြားစာရင်းပြုစုတင်ပြရမည်ဖြစ်ပါသည်။

တာဝန်ဝတ္တရားများနှင့် ဘဏ္ဍာရေးဆိုင်ရာ

ဖြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေးလုပ်ငန်းများနှင့် စက်မှုကဏ္ဍ နှစ်ချုပ်အစီရင်ခံစာများ ဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ရမည် ဖြစ်ပါသည်။ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ တောင်သူများ စာချုပ်ချုပ်ဆိုခြင်းနှင့် ဈေးကွက်များ ဖော်ဆောင်ခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ အစိုးရအနေဖြင့် အများပြည်သူဆိုင်ရာ သုတေသန လုပ်ငန်းများ၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ခန့်မှန်းရလွယ်ကူသော မူဝါဒများနှင့် ထိရောက်သော စံချိန်စံညွှန်းများကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများသည် REZ ဝန်ဆောင်မှုများ၊ မျိုးစေ့သုတေသနနှင့် ဖြန့်ဖြူးရေးစင်တာများ၊ ဓာတ်ခွဲခန်းများ၊ MyRO နှင့် သင့်တော်သော စက်မှုအခြေခံအဆောက်အအုံများကို ရှင်းလင်းသော ပိုင်ဆိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို တိကျစွာ ဆောင်ရွက်ပေးသင့်ပါသည်။ ဘဏ်များသည် ရာသီအလိုက် စိုက်ပျိုးစရိတ်နှင့် ကုန်သွယ်ရေးချေးငွေများ၊ စက်ကိရိယာများအတွက် ကာလရှည်ချေးငွေ သို့မဟုတ် နှစ်ချုပ်အငှားချခြင်းစနစ် (Leasing) များကို ပံ့ပိုးပေးရမည်ဖြစ်ပါသည်။ ဦးစားပေးစီမံကိန်းတိုင်းအတွက် တာဝန်ယူရမည့် ဦးဆောင်သူ၊ ဘတ်ဂျက်နှင့် အကောင်အထည်ဖော်မည့် အချိန်ဇယားများရှိရန် လိုအပ်ပါသည်။

အကောင်အထည်ဖော်ခြင်းနှင့် နှစ်စဉ် ပြန်လည်သုံးသပ်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဖြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် အစိုးရတို့သည် အခြေခံစံချိန်စံနှုန်းများကို အတည်ပြုခြင်း၊ REZ ဇရိယာများကို သတ်မှတ်ခြင်း၊ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို အားကောင်းအောင်လုပ်ဆောင်ခြင်းနှင့် တောင်သူများနှင့်အတူ တောင်သူအကျိုးပြုစီမံကိန်းတစ်ရပ် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၂၀၂၇-၂၀၂၈ နှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တို့တွင် အရည်အသွေးကောင်း မျိုးစေ့များနှင့် AWD ကဲ့သို့ သင့်တော်သော စိုက်ပျိုးနည်းစနစ်များကို တိုးချဲ့ခြင်းဆောင်ရွက်ခြင်းနှင့် ရိတ်သိမ်းချိန်လွန်လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၂၀၂၉-၂၀၃၀ နှင့် ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်တို့တွင် အောင်မြင်ပြီးသောလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တိုးချဲ့ခြင်းနှင့် အမှတ်တံဆိပ်ပါ ပို့ကုန်များကို အားကောင်းအောင် ဆောင်ရွက်ခြင်းတို့အပေါ် အဓိကထားရမည်ဖြစ်ပါသည်။

တောင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဘဏ္ဍာရေးဆိုင်ရာ မိတ်ဖက်များနှင့်အတူ နှစ်စဉ် လုပ်ငန်းပြန်လည်သုံးသပ်မှုများပြုလုပ်၍ ဝင်ငွေ၊ ထုတ်လုပ်မှု စွမ်းအား၊ ဆုံးရှုံးမှုများ၊ တန်ဖိုးဖြင့်တင်မှုများနှင့် ပို့ကုန်များကို ဆန်းစစ်ရမည်ဖြစ်ပြီး ရလဒ်များအပေါ်မူတည်၍ လိုအပ်ချက်ရှိသည့် နေရာများတွင် လုပ်ဆောင်ချက်များကို ပြန်လည်ပြင်ဆင်ရမည် ဖြစ်ပါသည်။

နိဂုံး

လုပ်ငန်းအောင်မြင်မှုများသည် တောင်သူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝကို ဆောင်ကြဉ်းပေးမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၏ ရှင်းလင်းသောမူဝါဒများနှင့် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် ဖြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ပုဂ္ဂလိကကဏ္ဍတို့သည် ဈေးကွက်ထိုးဖောက်မှု အားကောင်းစေရန်နှင့် အရည်အသွေးကောင်းစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂၀၂၆-၂၀၃၁ စီမံကိန်းကို စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော်ရန်နှင့် ရလဒ်များမျှဝေရန်အတွက် အတူတကွပူးပေါင်းတာဝန်ယူကြရန် လိုအပ်ပါသည်။ နှစ်စဉ် ဆန်နှင့် ဆန်ကွဲတန်ချိန်လေးသန်းတင်ပို့နိုင်ရေး ရည်မှန်းချက်သည်ပြည်တွင်းစားရေရိုက္ခာဖူလုံစေရေးနှင့် ဖြန်မာ့တောင်သူလယ်သမားများအတွက် ရေရည်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။

ပူတာအိုမြို့၌ မြို့မဈေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပူတာအို အောက်တိုဘာ ၃

ပူတာအိုခရိုင် ပူတာအိုမြို့ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသန်းဌေးအောင်သည် အောက်တိုဘာ ၂ ရက် မွန်းလွဲပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ အရာထမ်း/အမှုထမ်းဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးက ပူတာအိုမြို့သည် ဖြန်မာနိုင်ငံမြောက်ဖျားပိုင်း ခရိုင်မြို့ဖြစ်သည့်အတွက် မြို့သန့်ရှင်းသာယာလှပရေးကို အလေးထားလုပ်ဆောင်သွားကြရန်၊ စည်ပင်သာယာရေးလုပ်ငန်းများကို သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်ကျော်ခိုင်က စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးသည် ရုံးဝင်းအတွင်း ပျိုးဥယျာဉ်၌ ပျိုးထောင်စိုက်ပျိုးထားသည့် ပျိုးပင်များနှင့် ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်း စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးသို့ သွားရောက်ပြီး ဈေးအတွင်း ဈေးဆိုင်များ ဖွင့်လှစ်ရောင်းဝယ်ဖောက်ကားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ပဲခူးတိုင်းဒေသကြီးအတွင်း ငါးဖမ်းလုပ်ငန်းသုံးခုမှတောင်သူများ ပထမခြောက်လအတွင်း ငါးပိသာချိန် ၁၂၂၆၃၆ ဒသမ ၉၈၇ မွေးမြူထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့

ရန်ကုန် အောက်တိုဘာ ၃



၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဧပြီလမှ စက်တင်ဘာလအထိ ပထမခြောက်လအတွင်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေချိုငါးမွေးမြူရေးလုပ်ငန်း၊ အင်းလုပ်ငန်းနှင့် ဘုံငါးဖမ်းလုပ်ငန်းသုံးခုမှ တောင်သူများ ငါးပိသာချိန် ၁၂၂၆၃၆ ဒသမ ၉၈၇ ထုတ်လုပ်ဖြန့်ဖြူးခဲ့ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ ပထမခြောက်လပတ်၌ ငါးမွေးမြူရေးလုပ်ငန်းမှ ပိသာချိန် ၄၂၄၈၈ ဒသမ ၀၉၈ ကိုလည်းကောင်း၊ အင်းလုပ်ငန်းမှ ပိသာချိန် ၃၂၆၇၂ ဒသမ ၂၆၆ ကိုလည်းကောင်း၊ ဘုံငါးဖမ်းလုပ်ငန်းမှ ပိသာချိန် ၄၇၄၇၆ ဒသမ ၆၂၃ ကိုလည်းကောင်း အသီးသီးထုတ်လုပ်ခဲ့ကာ ငါးမွေးမြူရေးလုပ်ငန်းမှ ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့ပြီး အင်းနှင့် ဘုံငါးဖမ်းလုပ်ငန်းထုတ်လုပ်မှုမှ ဒေသတွင်း စားသုံးမှုပိုလျှံ၍ ရန်ကုန်မြို့ရှိ ငါးဈေးကွက်သို့လည်း ဖြန့်ဖြူးတင်ပို့နိုင်ခဲ့သည်။

"တိုင်းဒေသကြီးအတွင်းက ငါးမွေးမြူထုတ်လုပ်ရာမှာ မွေးမြူရေးငါးအပြင် အင်း/တင်ဒါချက်ငါးနဲ့ ဘုံငါးဖမ်းလုပ်ငန်းဖြစ်တဲ့ သဘာဝမြစ်ချောင်း အင်းအိုင်ရေလျှံကွက်ဆိုပြီး ငါးဖမ်းကွက်သုံးခုရှိပါတယ်။ အထူးသဖြင့် သဘာဝ မျိုးငါးတွေကို ထိန်းသိမ်းပြီး ရေသယံဇာတ စဉ်ဆက်မပြတ် စားသုံးနိုင်အောင် မျိုးစိုက်ထည့်ပေးနေတဲ့အတွက် ငါးရိက္ခာဖူလုံမှုကို အထောက်အပံ့ပြုနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်။ မွေးမြူထုတ်လုပ်မှုသုံးမျိုးကနေ တောင်သူတွေ ဝင်ငွေမပြတ်ရရှိခြင်းဟာ မွေးမြူရေးတောင်သူတွေရဲ့လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနဲ့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနေပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစုမျိုးသွယ်က ပြောသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စာရေရိက္ခာဖူလုံ၍ ငါးရိက္ခာပေါများစေရန် မွေးမြူရေးငါးများအပြင် သဘာဝတိုင်းရင်းငါးများဖြစ်သည့် ငါးခူ၊ ငါးကျဉ်း၊ ငါးရံ့၊ ငါးဖန်းမနှင့် ငါးနက်ပြာတို့ကို ဆေးထိုးသားဖောက်ပြုလုပ်၍ သဘာဝရေပြင်တွင် ငါးမျိုးစိုက်ထည့်ပေးလျက်ရှိပြီး မွေးမြူရေး ကန်၊ အင်း/တင်ဒါငါးဖမ်းကွက်နှင့် သသဘာဝအင်းအိုင်တို့မှ နှစ်စဉ်ငါးသယံဇာတ ထုတ်လုပ်ပေးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ဧပြီလမှ စက်တင်ဘာလအထိ ပထမခြောက်လအတွင်း မွေးမြူရေးတောင်သူများ ငါးပိသာချိန်ပေါင်း ၁၂၂၆၃၆ ဒသမ ၉၈၇ မွေးမြူထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့၍ ဝင်ငွေအကျိုးအမြတ်ရရှိခဲ့ကြောင်း သိရသည်။

ဥသာ၊ ဓာတ်ပုံ-ကိုလွင်

သာပေါင်းမြို့နယ်တွင် စားအုန်းဆီဖြန့်ဖြူးရောင်းချနေမှု ကွင်းဆင်းကြည့်ရှု

သာပေါင်း အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့ အမှတ်(၂)ရပ်ကွက် မြို့သစ်(၄)လမ်း ကောင်းလျှံအေး နယူးအေးရှားကုမ္ပဏီ ဦးကျော်မင်းခိုင် လက်လီအရောင်းဆိုင်မှ စားအုန်းဆီဖြန့်ဖြူးရောင်းချနေမှုအား ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကောင်းလျှံအေး နယူးအေးရှားကုမ္ပဏီ ဦးကျော်မင်းခိုင် လက်လီအရောင်းဆိုင်မှ သာပေါင်းမြို့ပေါ်ရပ်အမှတ် (၁၊ ၂၊ ၃)ရပ်ကွက်များရှိ အိမ်ထောင်စု ၂၀၆၁ အတွက် အိမ်ထောင်စုတစ်စုလျှင် ၁.၅ ပိသာနှုန်းဖြင့် ရောင်းချပေးသည်။

စစ်ဆေးခဲ့

အဆိုပါ စားအုန်းဆီဖြန့်ဖြူးရောင်းချရာနေရာသို့ သာပေါင်းမြို့နယ် စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရပ်မိရပ်ဖဦးကျော်တိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူးတို့ပါဝင်သည့် အဖွဲ့ဝင်များက သတ်မှတ်ရက်၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်း၊ သတ်မှတ်အလေးချိန်အတိုင်း စားသုံးသူပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောက်ရှိရေးအတွက် ဈေးကွက်ကွင်းဆင်းစောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျော်သူဟိန်း(ပြန်/ဆက်)



ရွှေဘိုမြို့၌ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ



ရွှေဘို အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်အတွက် တတိယအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၃၀ ရက်တွင် ရွှေဘုံရတနာမင်္ဂလာနန်းတော်အတွင်း၌ ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများက စိုက်ပျိုးရန် သစ်ပင်များကို ဖြန့်ဝေပေးအပ်သည်။ ထို့နောက် ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက စုစုပေါင်း သစ်ပင်မျိုးစုံ ၅၁၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ချောက်မြို့နယ်၌ ခရိုင်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

ချောက် အောက်တိုဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခရိုင်အဆင့် သုံးသပ်ဆွေးနွေးပွဲကို အောက်တိုဘာ ၂ ရက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ခရိုင်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ချောက်ခရိုင်အတွင်း၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာယူနစ် ၇၆ ယူနစ်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ကျေးရွာယူနစ် ၁၂ယူနစ်၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းဖြင့် ကျေးရွာတစ်ရွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာ ၁၉၉ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နော်လူး



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၀-၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားမိုး
92 Ron	၄၅၄၀	၄၆၉၅	၄၆၅၀	၄၅၅၅	၄၇၀၀	၄၇၁၅	၄၇၅၀	၄၆၂၅	၄၉၉၅	၅၀၂၅	၄၆၅၀	၄၈၀၀	၄၇၄၀	၄၆၉၅	၄၇၀၅	၄၉၃၅
95 Ron	၄၇၃၀	၄၈၈၅	၄၈၃၅	၄၇၄၅	၄၈၉၀	၄၉၀၅	၄၉၃၅	၄၈၁၅	၅၁၈၅	၅၂၁၅	၄၈၃၅	၄၉၈၅	၄၉၂၅	၄၈၈၅	၄၈၉၅	၅၁၂၅
HSD (500 ppm)	၄၈၁၅	၄၉၆၅	၄၉၁၅	၄၈၃၀	၄၉၇၀	၄၉၈၀	၅၀၁၅	၄၉၀၀	-	၅၂၈၀	၄၉၁၅	၅၄၆၀	၅၀၀၅	၄၉၆၅	၄၉၇၅	၅၁၉၅
HSD (50 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅	၆၂၅၀	၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀
HSD (10 ppm)	၅၇၉၅	၅၉၅၀	၅၉၀၅	၅၈၁၅	၅၉၅၅	၅၉၇၀	၆၀၀၅	၅၈၈၅		၆၂၈၀	၅၉၀၅	၆၀၅၀	၅၉၉၅	၅၉၅၀	၅၉၆၅	၆၁၉၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၁၈	၄၄၃၈
95 Ron	၄၄၉၉	၄၆၂၃
HSD (500 ppm)	၄၅၉၈	၄၇၂၀
HSD (50 ppm)	၅၅၃၃	၅၆၇၄
HSD (10 ppm)	၅၅၃၃	၅၆၇၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

ထေရ ထေရီ အနှစ်ချုပ်



ဝေမိုး (ကျွန်းလှ) ဓမ္မဂုဏ်ရည်ဆရာတော် (ရွှေပြည်သာ) ရေးသားသည့် ဗုဒ္ဓဓေတ် ရဟန္တာ ထေရ ထေရီ သုံးရာကျော်တို့၏ ဖြစ်တော်စဉ် ကျင့်စဉ်နှင့် ကျူးရင့်သံတို့အကြောင်း ရေးသားထားသည့် ထေရ ထေရီ အနှစ်ချုပ် စာအုပ် ထွက်ရှိလာသည်။

ထေရဂါထာ၌ မထေရ်၂၆၄ ပါး၊ ထေရီဂါထာ၌ ထေရီမ ၇၃ ပါး တို့၏ အကြောင်းအရာများပါဝင်သည်။ ထေရ ထေရီ အလီလီတို့သည် တရားရှုမှတ်ပွားများ၍ ရဟန္တာ ထေရ ထေရီဖြစ်ကြပြီးနောက် မိမိတို့ရရှိထားသော တရားထူးများနှင့်ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော်မူကြခြင်းသည် သာသနာတော်ဝင် သူတော်စင်များ အတွက် နည်းယူရန် လမ်းညွှန်သကဲ့သို့ရှိသည်။

ထေရဂါထာများ၌ သာသနာတော်တွင် ထင်ရှားကျော်ကြား တော်မူသော အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင် မဟာကဿပ၊ အရှင်အာနန္ဒာ၊ အရှင်မဟာကစ္စာန စသည့်အရှင်မြတ် ကြီးများ၊ ထေရီဂါထာများ၌ မဟာပဇာပတိဂေါတမီ၊ ခေမာ၊ အဘိရူပနန္ဒာ၊ ဥပ္ပလဝဏ္ဏာ၊ ဘဒ္ဒါကာပိလာနီ စသော ထင်ရှားကျော်ကြား ထေရီမကြီးများပါဝင်သည်။

စာအုပ်ကို သိရိရတနာစာပေ၊ ဖုန်း ၀၉၇၇၇၉၃၈၈၀၈၊ ၀၉၅၁၂၅၅၈၈၊ ဗဟန်း (၂)လမ်းနှင့် ကိုလတ်စာပေ၊ ဖုန်း ၀၉၂၆၅၁၂၀၀၆၈၊ အမှတ် (၂၂၀)၊ ၃၁ လမ်း (အထက်)၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိသည်။

ကိုယ်တွေ့ဖွဲ့သီ စာပန်းချီ



ဆွေဈေးဝမ်း (မကွေး) ရေးသားသည့် ကိုယ်တွေ့ဖွဲ့သီ စာပန်းချီ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ပထမဦးဆုံးရသောချွေးခဲစာ၊ ငယ်ဘဝက မကွေးပွဲတော်၊ ဆွေမျိုးများအကြောင်း တစေ့တစောင်း၊ ကိုယ့်ဌာနေဝန်းကျင်မှာကွယ် တကယ်ပင် အလှရှိတယ်၊ ဆောင်းလရဲ့ မြွာညို၊ ချစ်စကိုရှည်စေ မုန်းစကို တိုစေ၊ သမိုင်းတွင်မည့် အချစ်၊ တန်ဖိုးရှိသော လက်ဆောင်၊ ဖြတ်သန်းခဲ့ရသော ဘဝ၏နေရာလေးများ၊ ရေနံ့သာ မောင်မယ်တို့နှင့် စကားဆုံပွဲ၊ လျှောက်ခဲ့ရတဲ့ အိမ်ထောင်သည်ဘဝ အမှတ်တရ၊ နဖူးစာမင်ရည်ကျလို့ လွဲခဲ့လေသလား၊ မင်္ဂလာရှိသော နေ့ကလေး၊ လက်ပံပွင့်ချိန်တိုင်း၊ ခေတ်ရေစီးနဲ့ ကျွန်မတို့မြေးအဘွား၊ ဂုဏ် ကြိမ်မြောက် မွေးနေ့မှတ်တိုင်လေး၊ ခင်ရာဆွေမျိုး မိန်ရာဟင်းကောင်း၊ တဲအိုပျက်မှာ ပန်းမွေ့ရာခင်းလေသူ စသည့် ဝတ္ထုတို (၁၈) ပုဒ် ပါရှိသည်။

ဆရာမ ဆွေဈေးဝမ်း၏ အရေးအသားသည် ဇာတ်လမ်းတစ်ပုဒ်ကို ရေးဖွဲ့ထားသည့် ဝတ္ထုမဟုတ်၊ ကိုယ်တွေ့ဖွဲ့သီ စာပန်းချီဆိုသည့်အတိုင်း စာရေးသူ၏ ဘဝတစ်လျှောက် တွေ့ကြုံဖြတ်သန်းခဲ့ရသော အချစ်၊ အလွမ်း၊ အသော စသည်တို့ကို အရောင်အသွေးစုံအောင် ရေးဖွဲ့ထားသည်ကိုတွေ့ရသည်။

စာအုပ်ကို ဆွေဈေးဝမ်းစာပေ၊ ဝ၉၄၃၀၇၄၄၁၇၊ အမှတ် (၁)၊ (၉) လမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ(၁)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။

ချစ်နိုင် (စိတ်ပညာ)၏ ဘဝနေနည်း စာအုပ်ထွက်ရှိ



ဆရာချစ်နိုင် (စိတ်ပညာ)၏ (၁၃၃) အုပ်မြောက် စာအုပ်ဖြစ်သည့် "ဘဝနေနည်း" စာအုပ်ကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် နိုင်စာပေက စာအုပ်အမှတ်စဉ် (၉၅) အဖြစ် ထုတ်ဝေလိုက်သည်။ စာအုပ်တွင် စာမျက်နှာ ၂၅၀ ပါဝင်ပြီး တန်ဖိုးမှာ ၁၂၀၀၀ ကျပ် ဖြစ်သည်။

"ဘဝနေနည်း" စာအုပ်သည် ဆရာချစ်နိုင် (စိတ်ပညာ)က စာနယ်ဇင်းများတွင် အဆက်မပြတ် ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်း ဖြစ်ပြီး ဆောင်းပါး ၃၁ ပုဒ် ပါဝင်သည်။ ၂၀၂၆ ခုနှစ်အတွင်း ဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် ပြည်တွင်းအခြေအနေများ၊ ဖြစ်ပေါ်ပြောင်းလဲမှုများကို ထင်ဟပ်သုံးသပ်ရေးသားထားသဖြင့် ခေတ်နှင့်လျော်ညီသည့် ဆောင်းပါးများဖြစ်သည်။

စာအုပ်တွင် အကြောင်းအရာကောင်းမွန်ခြင်း၊ စေတနာနှင့် ရည်ရွယ်ချက်မြင့်မားခြင်း၊ စကားပြေအရေးအသား ချောမွေ့ပြေပြစ်ခြင်းတို့အပြင် အကြောင်းအရာများကို အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်မြင်သကဲ့သို့လည်းကောင်း၊ အနီးကြည့်မိုက်ခရိုစကုပ်ဖြင့် ကြည့်မြင်သကဲ့သို့လည်းကောင်း ထင်ရှားရှင်းလင်းစွာ အနုပညာပါပါ ရေးသားဖော်ပြထားသည်။

ထို့ကြောင့် အဆိုပါစာအုပ်သည် ယနေ့ခေတ် မြန်မာလူငယ်များအတွက် အတွေးအမြင်နှင့် ဗဟုသုတဆိုင်ရာ စာပေအာဟာရကောင်း တစ်ရပ် ဖြစ်သည်။

ဆရာချစ်နိုင် (စိတ်ပညာ)သည် စာပေနှင့် အနုပညာဆိုင်ရာ စွမ်းဆောင်ရည်များအတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နိုင်ငံတော်က "အလင်္ကာကျော်စွာဘွဲ့" ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသူ ဖြစ်သည်။

"ဘဝနေနည်း" စာအုပ်သည် အကြောင်းအရာနှင့် အရေးအသားအရာ စာဖတ်သူများအတွက် အကျိုးရှိစေမည့် စာအုပ်တစ်အုပ်ဖြစ်သည့်အပြင် စာကြည့်တိုက်များတွင် ထားရှိဖတ်ရှုသင့်သည့် စာအုပ်တစ်အုပ် ဖြစ်ကြောင်း သိရသည်။

သိဂ်ါရမုန်တိုင်း



ဆရာမမို့ (သဲကုန်း)၏ သိဂ်ါရမုန်တိုင်း လုံးချင်းဝတ္ထုစာအုပ် ပထမအကြိမ် ပုံနှိပ်ခြင်းဖြင့် ထွက်ရှိလာသည်။

ဆရာမမို့ (သဲကုန်း)၏ သိဂ်ါရမုန်တိုင်းတွင်ပါဝင်သော ဇာတ်ကောင်များ သူ့နေရာနှင့်သူ မှန်ကန်စွာ ထည့်သွင်းသွားနိုင်သဖြင့် ဇာတ်ကောင်များရုပ်လုံးကြွသည်။ ဇာတ်အိမ်နေခြင်းမျိုး မရှိအောင် ဝတ္ထုရှည်တစ်ပုဒ်လုံး သွက်လက်၍ စာအုပ်ကိုလက်ကမချဘဲ ဖတ်ရှုနိုင်အောင် ရေးသားတတ်သည်။ ဇာတ်လမ်း ဇာတ်အိမ်ခိုင်မာပြီး ဇာတ်ကောင်တို့၏အသက်အရွယ်၊ ခေတ်ကာလ၊ ခေတ်ကာလအတွင်း အခြေအနေများ ကိုက်ညီမှန်ကန်မှု ကလည်းကိုယ်တိုင် တစ်နေရာရာက ပါဝင်ခဲ့ခြင်းလား၊ တစ်စုံတစ်ဦး၏ ဖြစ်ရပ်မှန်ကို ရေးသားတင်ပြထားခြင်းလားဟု ထင်မြင်ယူဆဖွယ်ဖြစ်သည်။ စာအုပ်ကို ဆရာမောင်စိမ်းနောင် (လယ်ဝေး)က အမှာစာ ရေးသားထားသည်။

စာအုပ်ကို ပန်းရုံ စာပေ (မြဝဒ္ဒဝတီ)၊ ဦးမျိုးထွန်း၊ အမှတ် (၂၉/၁၇၅)၊ နွယ်သာကီလမ်း သွယ်(၂)၊(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ဖုန်း-၀၉၆၆၁၂၀၁၆၈ က ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာရွက်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ်သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရရှိကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

အာကာသပြတိုက်(ရန်ကုန်)၌ သုံးထပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်သွားမည်

ရန်ကုန် အောက်တိုဘာ ၃

အာကာသပြတိုက်(ရန်ကုန်)၌ သုံးထပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

အဆိုပါ အဆောက်အအုံ တိုးချဲ့တည်ဆောက်မည့် မြေနေရာကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၄)၌ အဆိုပါအဆောက်အအုံ တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။



ဇွဲထက်ကို(ပြန်/ဆက်)

စီးပွားရေးလုပ်ငန်းများနှင့် MSMEs လုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာအကူအညီများပေးနိုင်ရန် MOB ဘဏ်နှင့် Kayin CCI တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး



ဘားအံ အောက်တိုဘာ ၃

ကရင်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အတွက် လိုအပ်သောဘဏ္ဍာရေးဆိုင်ရာ အကူအညီများ၊ ဘဏ်ဝန်ဆောင်မှုများနှင့် သက်ဆိုင်ရာလုပ်ငန်း လိုအပ်ချက်များအပေါ် အခြေခံပြီး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန် မြန်မာအရှေ့တိုင်း ဘဏ်လီမိတက် (MOB ဘဏ်)နှင့် ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းတို့သည့် အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။

တိုက်တွန်းပြောကြား

ဦးဗွာ ကရင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညီညီဧော်က Kayin CCI နှင့် MOB ဘဏ်တို့အကြား နားလည်မှုစွာချွန်လွှာ လက်မှတ် ရေးထိုးခြင်းသည် Kayin CCI နှင့်အတူ အသင်းဝင်ညီနောင်စီးပွားရေး အသင်းအဖွဲ့များနှင့် MOB ဘဏ်တို့ကြား ပိုမိုနက်ရှိုင်းသော မိတ်ဖက်ဆက်ဆံမှုကို ဖြစ်ပေါ်စေပြီး လုပ်ငန်းရှင်များကြုံတွေ့နေရသည့် ဒွေကြေးအရင်းအနှီးနှင့် နည်းပညာဆိုင်ရာ အထောက်အကူများ ပံ့ပိုးပေးနိုင်ရေး တတ်စွမ်းသမျှ အတူတကွ ပူးပေါင်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း Kayin CCI ဥက္ကဋ္ဌနှင့် မြန်မာအရှေ့တိုင်း ဘဏ်လီမိတက် MOB Bank ဥက္ကဋ္ဌတို့က ပြည်နယ်ဝန်ကြီးအား အမှတ်တရ ကျောက်စိပန်းချီကားနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းပြီး နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးခြင်းအတွက် ရှင်းလင်းပြောကြားကြကာ ဧရာဝတီတိုင်းဒေသကြီး စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း ARCCI ဥက္ကဋ္ဌက နှုတ်ခွန်းစကားပြောကြား၍ Kayin CCI နှင့် MOBဘဏ်တို့က တက်ရောက်လာသူများ ရှေ့မှောက်တွင် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် မြန်မာအရှေ့တိုင်း ဘဏ်လီမိတက်၏ တာဝန်ရှိသူ တစ်ဦးက ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသည်များပြန်လည် မေးမြန်းဆွေးနွေးကြရာ MOBဘဏ်မှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြကာ Kayin CCI နှင့် MOB ဘဏ်တို့အကြား အမှတ်တရ လက်ဆောင်များ လဲလှယ်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



(၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေး ရရှိရေး၊ တစိတိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း များကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ် စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ဓဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရုပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်း စေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်စာစီမျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း ၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူ ဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဦးစီးဌာနကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀ ကျပ်

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀ ကျပ်

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀ ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀ ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀ ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀ ကျပ်

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

(က) ပထမဆု	၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမဲ့အနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုဏ်ချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၀၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၈၄၇၊ ၀၉-၅၆၆၈၇၈၁၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မခံသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဏ္ဍာအရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင် ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းနိဒါန်းလုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၅၁

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

